# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၈၇)၊ ၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း ၁၀ ရက်၊ ၂၁-၉-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၀

နောက်(၂)ရက်အတွက် **ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဇလ**

# ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညျူမဟာနာယက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက၊ သကျသီဟနှင့် အစိုးရသိရီ ပဝရဓမ္မာစရိယ ဘဒ္ဒန္တဇနကာဘိဝံသ၏ ဥတုဇရုပ်ကလာပ်တော်အား နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သွားရောက်ဖူးမြော်ကြည်ညို



နေပြည်တော် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက၊ သကျသီဟနှင့် အစိုးရသိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဇနကာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၉)နှစ်၊ သိက္ခာတော်(၇၉)ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက် (စနေနေ့)၊ နံနက် ၁၁ နာရီ ၃ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

စာမျက်နှာ ၃ သို့ ☆

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယကဆရာတော်ကြီး ဥူးသောဘိတာ ဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၀

လေဖိအားနည်းရပ်ဝန်းအခြေအနေ

ယနေ့မွန်းလွဲ ၃ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း (မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ကမ်းလွန်အနီး)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

စာမျက်နှာ ၅ သို့ ✦

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် စက်တင်ဘာ ၂၀

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လောပိတမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ တနင်္လာနေ့။

မန္တလေး

# မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာများကို နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းလာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များထဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များပင်ဖြစ်သည်။

ထို့အပြင် မြန်မာ့ရှေးဟောင်းမြို့ပြနိုင်ငံများတွင် တွေ့ရှိခဲ့သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စာပေ၊ ယဉ်ကျေးမှု အထောက်အထားများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်ယဉ်ကျေးမှု အထောက်အထားများအရ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် နိုင်ငံဖြစ်သည်။ ဘာသာစကားဆိုင်ရာ ဂုဏ်မြောက်မှုများ၊ တန်ဖိုးကြီးမားသည့် ယဉ်ကျေးမှုများ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များဖြင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု ဂုဏ်ဒြပ်များကို ခိုင်ခိုင်မာမာတည်ဆောက်ထားသော နိုင်ငံဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲတစ်ခုအဖြစ်သာမက မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်သည့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် ခံယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က စက်တင်ဘာ ၁၇ ရက်နံနက် ၉ နာရီက ပြောကြားခဲ့သည်။

ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမဋ္ဌကျင်းပသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းထိန်းသိမ်းပေးနိုင်ရေး၊ အမျိုးသားယဉ်ကျေးမှုစိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ရေးနှင့် မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အမျိုးသားရေးဆိုင်ရာ ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဦးတည်ချက်များမှာ-

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ပြီး ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး၊ အနုပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူစွာဖော်ဆောင်နိုင်ရေးတို့အတွက် အစဉ်တစိုက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကျေးလက်ကုန်ထုတ်လမ်း၊ ရေရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ခဲအင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းက ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများသည် ကျောက်ခဲအင်းကျေးရွာတွင် အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ ထုမြေသား ၁ ပေ၊ ရိုစာ ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ကုန်ထုတ်လမ်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်ခဲအင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိစေရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်(၁၃၁ ဒသမ ၀၃၆)သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် တွင်းနက်တူးဖော်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ စင်မြင့်၊ ရေစင်တည်ဆောက်ခြင်းနှင့် စပ်ဆက်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျောက်ခဲအင်းကျေးရွာ၌ အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၃၀၇ အိမ်၊ လူဦးရေ ၁၁၇၂ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာသုံးစွဲနိုင်မည့်အပြင် တောင်သူများ၏ စိုက်ပျိုးမြေများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာဖြင့် အချိန်မီ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်၍ လူမှုစီးပွားဘဝများလည်း ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

၀-၀-၀-၀-၀

## လူသုံးကုန်ထုတ်လုပ်မှု သင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ကြီးကြပ်မှုဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သော လူသုံးကုန်ထုတ်လုပ်မှု သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက် အောင်မင်္ဂလာဘုရားဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က သင်တန်းကို အောင်မြင်စွာဖွင့်လှစ်ပေးခဲ့သော တာဝန်ရှိသူများနှင့် နည်းပြဆရာများအားလုံးကို ကျေးဇူးတင်ကြောင်း၊ သင်တန်းသူများ အနေဖြင့် လုပ်ငန်းရှင်များဖြစ်အောင် ကြိုးစားသွားကြပြီး မိသားစုအပိုဝင်ငွေများ ရှာဖွေနိုင်အောင် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့်အဖွဲ့ဝင်များက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

ဆက်လက်၍ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းသူများအား သင်တန်းထုတ်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ရာ သင်တန်းသူ မမီမီခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၄ ရက်မှစတင်၍ လူသုံးကုန်ပစ္စည်းများဖြစ်သည့် ဘက်စုံသုံးဆပ်ပြာဆီ၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ ရေချိုးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခရင်မ်၊ မျက်နှာသစ်ဆပ်ပြာ ပြုလုပ်နည်းများကို စာတွေ့၊လက်တွေ့ သင်ကြားခဲ့ပြီး သင်တန်းသူ ၂၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**(၄၈၅)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## ပြင်ဦးလွင်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ညောင်နီ-ပိန္နဲကုန်း(တ)လမ်းမှ အင်းကြီးလမ်း(၀/၅)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ပိန္နဲကုန်း(မ)-ရွှေမြင်သာ-ညောင်နီလမ်း (၀/၂)မိုင် ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး) ဦးရဲခေါင်ထွန်းမှ ကွင်းဆင်းစစ်ဆေးခဲ့ရာ တာဝန်ရှိသူများမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအား ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး)က အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးဆောင်ရွက်ရန် မှာကြားခဲ့သည်။



အဆိုပါ လမ်းပိုင်းများ ဆောင်ရွက်ပြီးပါက အကျိုးပြုကျေးရွာလေးရွာ၊ အိမ်ခြေ ၅၄၇ အိမ်၊ လူဦးရေ ၂၇၈၂ ဦး၏ ပညာရေး၊ ကျန်းမာရေးနှင့်ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့၊ ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**(ဓါတ်ပုံ)**

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ်။

ဆရာတော် ဘုရားကြီး၏ ဥတုဇ ရုပ်ကလာပ်တော်အား ချမ်းမြေ့ရိပ်သာ ကျောင်းတိုက်၌ ပူဇော်ထားရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီး၏ ဥတုဇ ရုပ်ကလာပ်တော်အား ဖူးမြော် ကြည်ညိုကြသည်။ ယင်းနောက် ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယကဆရာတော်ကြီး ဥူးသောဘိတာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဗဟန်းမြို့နယ် တိပိဋကမဟာဝိသုဒ္ဓါရုံကျောင်းတိုက်အုပ်ဆရာတော် ဥူးသီရိကစ္စနက နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် အခမ်းအနားကျင်းပပြုလုပ်မည့် အစီအစဉ်လျာထားမှုကို ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက လျှောက်ထားရာတွင် ယခုကဲ့သို့ ပြည်တွင်း၊ ပြည်ပ သာသနာပြု လုပ်ငန်းများတွင် စွမ်းစွမ်းတမံ သာသနာ့တာဝန်များ ဆောင်ရွက်လျက်ရှိသည့် သာသနာ့အာဇာနည်ဆရာတော်ကြီးတစ်ပါး ဆုံးရှုံးရခြင်းကြောင့် နိုင်ငံတော်နှင့် ဗုဒ္ဓသာသနာတော်အတွက် ကြီးမားသည့် ဆုံးရှုံးမှုပင်ဖြစ်ပြီး မိမိတို့အနေဖြင့် များစွာဝမ်းနည်းရပါကြောင်း၊ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် အခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပူဇော်သွားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လာရောက်ဖူးမြော် ကြည်ညိုကြမည့် ပြည်တွင်း၊ ပြည်ပမှ ရဟန်းသံဃာများ၊ ဒါယကာ ဒါယိကာမများနှင့် ပြည်သူများ အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ရေးနှင့် ဆွမ်း၊ ကွမ်း ဝေယျာဝစ္စနှင့် စားသောက်တည်းခိုနေထိုင်မှုများ အဆင်ပြေစေရေး စနစ်တကျစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရာသီဥတုပူပြင်းပြီး မိုးရွာသွန်းမှုများလည်း ရှိနေသေးသဖြင့် လာရောက်သည့် ဆရာတော်၊ သံဃာတော်များ အဆင်ပြေချောမွေ့စွာ သီတင်းသုံးနိုင်ရေးနှင့် ဒါယကာ ဒါယိကာမများ အဆင်ပြေစွာ နေထိုင်ဖူးမြော်နိုင်ရေးတို့အတွက် ကျောင်းတိုက်အတွင်း အရိပ်အာဝါသများရရှိအောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် အခမ်းအနားကို ခမ်းခမ်းနားနား အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ကော်မတီများ စနစ်တကျဖွဲ့စည်း၍ တာဝန်များ ခွဲဝေ ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်းနှင့် အခြားသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာနှင့်ပတ်သက်၍ ဆွေးနွေးလျှောက်ထားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဆရာတော်ဘုရားကြီး၏ အန္တိမ အဂ္ဂိဈာပန ပူဇာသဘင်အခမ်းအနားကို ခမ်းခမ်းနားနားဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ဝိုင်းဝန်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့အား လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က အန္တိမအဂ္ဂိဈာပန ပူဇာသဘင် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ ချမ်းမြေ့ရိပ်သာကျောင်း ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးစောလှိုင်က လက်ခံရယူ၍ နိုင်ငံတော်သမ္မတထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယကဆရာတော်ကြီး ဥူးသောဘိတာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ရေးသားပြုစုပူဇော်ခဲ့သည့် ဗုဒ္ဓဓမ္မစာပေကျမ်းဂန်များကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။



ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယက ဆရာတော်ကြီး ဥူးသောဘိတာဘိဝံသက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ထံ နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး ရေးသားပြုစုပူဇော်ခဲ့သည့် ဗုဒ္ဓဓမ္မစာပေကျမ်းဂန်များကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ချမ်းမြေ့ရိပ်သာ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြပြီး ဆရာတော်ကြီး ရေးသားပြုစုပူဇော်ခဲ့သည့် ဗုဒ္ဓဓမ္မ စာပေကျမ်းဂန်များအား ကြည့်ရှုပူဇော်ကြသည်။

အဆိုပါ ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားကြီး အလောင်းလျာကို မြန်မာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ် ဝါခေါင်လဆန်း ၈ ရက် (အင်္ဂါနေ့) တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပျဉ်းမကျေးရွာ၌ ခမည်းတော် ဦးဖြူမင်း၊ မယ်တော် ဒေါ်ရွှေရည်တို့မှ ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၀၅ ခုနှစ် တန်ခူးလဆန်း ၅ ရက်နေ့တွင် တောင်တွင်းကြီးမြို့ တောရဇိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တမာလာဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅ ရက်တွင် တောင်တွင်းကြီးမြို့ တောရဇိမာန်ကျောင်းတိုက် ခဏ္ဍာသိမ်၌ ဆရာတော်ဘဒ္ဒန္တပဒုမကိုဥပဇ္ဈာယ်ပြု၍ တောင်တွင်းကြီးမြို့ ရွှေအိုးရပ် ကုန်သည်ကြီး ဦးစိန်ညို+ ဒေါ်လှနှစ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်း ဖြစ်ကြောင်း။

ဆရာတော် လောင်းလျာသည် မကွေး တိုင်းဒေသကြီး တောင်တွင်းကြီးမြို့ တောရဇိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တမာလဝံသ၊ မန္တလေးမြို့ ဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ ပိုက်ကျုံးဆရာတော် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ၊ အသောကာရုံ ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတိ၊ ဗာရာဏသီဆရာတော် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတ၊ သံတော်ဆင့်ဆရာတော် ဘဒ္ဒန္တဝါသဝ၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ စသောဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး **"ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့၊ သာသနာ့ဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့,"** တို့ကို ရရှိတော်မူခဲ့ကြောင်း။

ဆရာတော် ဘုရားကြီးသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် တောင်တွင်းကြီးမြို့ တောရဇိမာန် စာသင်တိုက်တို့၌ စာသင်သား ရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပါဠိပဋ္ဌိသောဓကအဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ ချမ်းမြေ့ရိပ်သာ ကျောင်းတိုက် တည်ထောင်၍ တရားဟော တရားပြ ကမ္မဋ္ဌာနာစရိယတာဝန်များ ဆောင်ရွက်တော်မူခဲ့ခြင်း၊ မြန်မာဘာသာကျမ်းစာ ၃၄ အုပ်နှင့် အင်္ဂလိပ်ဘာသာကျမ်းစာ ၁၀ အုပ် စသောစာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်းတိုက်နှင့် ရိပ်သာခွဲများအဖြစ် ဟင်္သာတမြို့၊ ပြင်ဦးလွင်မြို့၊ မော်ဘီမြို့၊ အောင်ပန်းမြို့၊ တောင်ကြီးမြို့၊ လယ်ဝေးမြို့၊ တမူးမြို့တို့၌ တည်ထောင်ဖွင့်လှစ်တော်မူခဲ့ခြင်း၊ ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌လည်းကောင်း၊ တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌လည်းကောင်း၊ အမေရိကန်နိုင်ငံ စပရင်းဖီးမြို့၌ လည်းကောင်း၊ ပဋိပတ္တိ ကမ္မဋ္ဌာန်းရိပ်သာများ တည်ထောင်ဖွင့်လှစ်၍ သာသနာပြုတော်မူခဲ့ခြင်း၊ ဆရာတော်သည် နိုင်ငံပေါင်းများစွာသို့ သာသနာပြုခရီး အကြိမ်(၇၀) ကျော်ကြွရောက်ခဲ့ပြီး အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ်၊ ကိန်းဘရစ်ချ် တက္ကသိုလ်၊ အမေရိကန်နိုင်ငံ အီလီနွိုက် တက္ကသိုလ်၊ ဟာဗိုင်ရီတက္ကသိုလ်၊ ဗန်ကူးဗားတက္ကသိုလ်၊ အိုဘာလင်တက္ကသိုလ် စသော ပြည်ပနိုင်ငံတက္ကသိုလ်များ၌ ကမ္မဋ္ဌာန်းတရားများ ဟောကြားပြသတော်မူခဲ့ခြင်းနှင့် ၂၀၁၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ကြောင်း။

ထိုကဲ့သို့ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ကမ္မဋ္ဌာနနယဒေသကဂုဏ်၊ ဝိပဿနာဓုရာဝဟဂုဏ်၊ ပဋိပတ္တိဝိသာရဒဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၅ ခုနှစ်တွင် **"အဂ္ဂမဟာကမ္မဋ္ဌာနစရိယ"** ဘွဲ့တံဆိပ်တော်နှင့် ၂၀၀၉ ခုနှစ်တွင် **" အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ် တော်တို့ကို ဆက်ကပ် လှူဒါန်းခဲ့ပါကြောင်း၊ **"သတ္တဝါမှန်သရွေ့ တရားတွေ့ချမ်းမြေ့သာယာရှိပါစေ"** ဆိုသည့် မေတ္တာပို့ ဆုတောင်းစကားသည် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထင်ရှားသည့် လက်သုံးမေတ္တာပို့ ဩဝါဒကထာ ဖြစ်ကြောင်း၊ ဆရာတော် ဘုရားကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၉ နှစ်၊ သိက္ခာတော် ၇၉ ဝါ၊ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် တော်သလင်းလဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက် (စနေနေ့) နံနက် ၁၁ နာရီ ၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ သာသနာတော်အကျိုးကို ဆောင်ရွက်တော်မူခဲ့သည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့ခြင်းသည် သာသနာတော်နှင့် နိုင်ငံတော်အတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ခုပင်ဖြစ်ပြီး ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် အခမ်းအနားကိုခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အကြိမ် (၂၀)မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များညီလာခံ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးသည် ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် The Hon. JO Hee-de ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Grand Hyatt Seoul ဟိုတယ်၌ ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ် (၂၀)မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များ ညီလာခံသို့ ပါဝင်တက်ရောက်သည်။

အဆိုပါညီလာခံသည် အာရှ-ပစိဖိတ်ဒေသ၏ တရားစီရင်ရေး မဏ္ဍိုင်အကြီးအကဲများ စုစည်းတွေ့ဆုံပြီး နိုင်ငံအသီးသီး၏ တရားစီရင်ရေးစနစ်များနှင့် တရားစီရင်ရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမြင်များကို ဖလှယ်ခြင်းဖြင့် အပြန်အလှန် နားလည်မှုကို မြှင့်တင်ရန်၊ ဒေသတွင်း ငြိမ်းချမ်းရေး ထိန်းသိမ်းရေးအတွက် အထောက်အကူ ပြုစေရန်နှင့် ဒေသတွင်း နိုင်ငံများအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အတွက် လက်တွေ့ကျသော နည်းလမ်းများကို ဖော်ထုတ်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ ပီနန်မြို့၌ ပထမအကြိမ် အစည်းအဝေးအဖြစ် ၁၉၈၅ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် အချိန်မှစ၍ အာရှ-ပစိဖိတ်ဒေသအတွင်း တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏ ခိုင်မာသော အခြေခံအုတ်မြစ် တစ်ရပ်အဖြစ် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ကိုရီးယားနိုင်ငံတရားလွှတ်တော်ချုပ်သည် ယခင် ၁၉၉၉ ခုနှစ်တွင် (၈)ကြိမ်မြောက် အစည်းအဝေးနှင့် ၂၀၁၁ ခုနှစ်တွင် (၁၄)ကြိမ်မြောက် အစည်းအဝေးတို့ကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့ပြီး ယခုတစ်ဖန် ဤနိုင်ငံတကာ အစည်းအဝေးကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ကာ ဆိုးလ်မြို့သည် (၃)ကြိမ်မြောက် အိမ်ရှင်အဖြစ် ကျင်းပခဲ့သော ပထမဆုံးမြို့ ဖြစ်လာခဲ့ပြီး နိုင်ငံတကာ အစည်းအဝေးများ၏သမိုင်းတွင် မှတ်တိုင်သစ်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့သည်။

ညီလာခံကို ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်နှင့် LAWASIA တို့ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ Grand Hyatt Seoul ဟိုတယ်တွင် ကျင်းပခဲ့ရာ နိုင်ငံတကာမှ တရားစီရင်ရေး နယ်ပယ်ပေါင်း ၄၀ ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၃ ဖွဲ့တို့မှ တရားသူကြီးချုပ်များ အပါအဝင် ကိုယ်စားလှယ် ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။




အဆိုပါ ညီလာခံ တက်ရောက်လာကြသော တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များက တရားစီရင်ရေးနှင့် ဆက်နွှယ်သော ဘာသာရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်လျက်ရှိရာ ညီလာခံသို့ တက်ရောက်ခြင်းဖြင့် ဒေသတွင်းရှိ တရားသူကြီးချုပ်များ၊ တရားစီရင်ရေး အကြီးအကဲများနှင့် တရားစီရင်ရေးဆိုင်ရာ အကြောင်းအရာများ ဖြစ်သည့် တရားစီရင်ရေးတွင် ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြုမှု၊ တရားစီရင်ရေးဆိုင်ရာ ပညာရေး၏ အရေးပါပုံ၊ မီဒီယာနှင့် ထိတွေ့ဆက်ဆံခြင်း၊ တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ ယုံကြည်မှု မြှင့်တင်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုကို ကာကွယ်ခြင်း စသည့် အကြောင်းအရာများကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည်။

ညီလာခံ ကာလအတွင်း စက်တင်ဘာ ၁၆ ရက်တွင် UNCITRAL တည်ထောင်ခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ် ညီလာခံနှင့် LAWASIA မျက်နှာစုံညီအစည်းအဝေး၊ OECD နံနက်စာအစီအစဉ်၊ SIFOCC နှင့် SIFOCC ပံ့ပိုးကူညီရေးအဖွဲ့၏ မွန်းလွဲပိုင်းအစီအစဉ်၊ စက်တင်ဘာ ၁၈ ရက်တွင် UNIDROIT တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် Networking Breakfast အစီအစဉ်တို့ကိုပါ ထည့်သွင်း ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စု တရားသူကြီးချုပ်သည် ညီလာခံတက်ရောက်စဉ် ကာလအတွင်း ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်၏ ကွန်ပျူတာနှင့် သတင်းအချက်အလက်စင်တာနှင့် သမိုင်းဝင်နေရာတစ်ခုဖြစ်သည့် ကိုရီးယားစစ်ပွဲအထိမ်းအမှတ်ပြတိုက်(War Memorial of Korea) တို့ကို သွားရောက် လေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၃)ကြိမ်မြောက် ပေကျင်းရှန်ဆန်းဖိုရမ် တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၂၀**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ရေတပ်ဗိုလ်ချုပ် ကြီး တုံကျွင်း (Admiral Dungjun) ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် (၁၃)ကြိမ်မြောက် ပေကျင်း ရှန်ဆန်းဖိုရမ်သို့ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ ပါဝင်တက်ရောက်သည်။




ခရီးစဉ်အတွင်း တရုတ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တုံကျွင်းက ပေကျင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (Beijing International Convention Center)၌ ဂုဏ်ပြု တပ်ဖွဲ့ဖြင့် ကြိုဆိုပြီး မြန်မာ - တရုတ် နှစ်နိုင်ငံကာကွယ်ရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်က တည်ခင်းဧည့်ခံသော ဖိုရမ်ဖွင့်ပွဲ ကြိုဆိုနှုတ်ခွန်းဆက် ညစာစားပွဲသို့ ပါဝင်တက်ရောက်သည်။

စက်တင်ဘာ ၁၆ ရက်တွင် ဖိုရမ် ပထမနေ့ စုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည့် အပြင် ဖိုရမ်သို့ ပါဝင်တက်ရောက်လျက်ရှိသည့် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများမှ ကာကွယ်ရေး ဝန်ကြီးများနှင့် နှစ်နိုင်ငံ အလွတ်သဘောသီးသန့်တွေ့ဆုံမှုများကို လည်း ဆောင်ရွက်သည်။

ညနေပိုင်းတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားကာကွယ် ရေးဝန်ကြီးက ပေကျင်းမြို့ စစ်သမိုင်းပြတိုက်တွင် တည်ခင်း ဧည့်ခံသော ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ပါဝင်တက်ရောက်သည်။

စက်တင်ဘာ ၁၇ ရက်တွင် BICC ၌ ကျင်းပသော ဖိုရမ် ဒုတိယနေ့ စုံညီအစည်းအဝေးသို့ တက်ရောက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စိန်ခေါ်မှုများနှင့် အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေး ဖြေကြားသည်။

(၁၃)ကြိမ်မြောက် ပေကျင်း ရှန်ဆန်းဖိုရမ်သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကာကွယ်ရေးဝန်ကြီးများ၊ လုံခြုံရေးနှင့် သက်ဆိုင်သော အဆင့်မြင့် အရာရှိကြီးများနှင့် နိုင်ငံတကာ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ လေ့လာသူများ ပါဝင်တက်ရောက်ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ စစ်ဘက်နည်းပညာ ဆိုင်ရာ ကုမ္ပဏီများကိုလည်း ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာသံရုံး (ပေကျင်း)သို့ သွားရောက်၍ သံရုံးနှင့်စစ်သံရုံးတို့မှ အရာရှိ / စစ်သည်/ မိသားစုဝင်များနှင့် သင်တန်းသားများကို တွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**ကန့်ဘလူ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နတ်ပေးကျေးရွာ၌ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပထမအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက နတ်ပေးကျေးရွာ ခန်းမ၌ ကျင်းဆင်းထုတ်ချေးသည်။

ရှေးဦးစွာ ကန့်ဘလူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်က ကျေးလက်နေပြည်သူများကိုယ်တိုင် ပိုင်ရှင်စိတ်ဓာတ်ဖြင့် စီမံခန့်ခွဲဆောင်ရွက်နိုင်စေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများ၏ အောင်မြင်မှု အသီး၊ အပွင့်များ စဉ်ဆက်မပြတ် တည်တံ့စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နတ်ပေးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲလင်းဝေက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်တင်တင်ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နတ်ပေးကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦး၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး၊ စုစုပေါင်း ၁၀၂ ဦးတို့အား ငွေကျပ် သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်းနှင့် ယခု နတ်ပေးကျေးရွာ အပါအဝင် ကန့်ဘလူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၃၆ ယူနစ်၊ ၄၂ ရွာတွင် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

❑ စာမျက်နှာ ၂၄ မှ

စက်တင်ဘာ ၁၈ ရက် ညနေပိုင်းကလည်း ဒုတိယသမ္မတသည် နန်နင်းမြို့ မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး၌ မြန်မာ-တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းဆိုင်ရာ ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းပြသ**

ခရီးစဉ်အတွင်း ဒုတိယသမ္မတသည် XPENG မော်တော်ယဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် GAC မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများသို့ သွားရောက်ပြီး ကုမ္ပဏီထုတ်မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်များထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ စတုတ္ထအကြိမ် ပါတီညီလာခံ(၂၀၂၆) အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စတုတ္ထအကြိမ် ပါတီညီလာခံ (၂၀၂၆)ကို စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ရှိ ပါတီဌာနချုပ် ညီလာခံခန်းမ၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။



ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက ကိုယ်ပိုင်အကျိုးထက် ပါတီအကျိုး၊ ပါတီအကျိုးထက် နိုင်ငံအကျိုးကို ဦးစားပေး၍ ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ညီလာခံအတွင်း အစုအဖွဲ့များက စုပေါင်းပြုစုထားသည့် စာတမ်းငါးစောင်ကို ဖတ်ကြားတင်သွင်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပါတီကော်မတီအဆင့်ဆင့် ဖွဲ့စည်းပြီးစီးမှု၊ ဖွဲ့စည်းနိုင်ခြင်းမရှိသေးသည့် ခရိုင်နှင့် မြို့နယ်ပါတီကော်မတီများ စာရင်း၊ ဗဟိုကော်မတီဝင်နှင့် အရန်ဗဟိုကော်မတီဝင်များ စာရင်းတို့ကို အတည်ပြုသည်။

ထို့ပြင် ကြီးကြပ်မှုဗဟိုကော်မတီနှင့် ရွေးချယ်တင်မြှောက်ရေးကော်မရှင်က ပါတီဗဟိုကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးမြတ်ဟိန်းနှင့် ဦးသောင်းအေး၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးတင်အောင်ချစ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် ဦးအောင်စိုးနှင့် ဗဟိုအလုပ်အမှုဆောင် ၄၆ ဦးတို့ကို စိစစ်ရွေးချယ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ ပါတီဗဟိုအတိုင်ပင်ခံများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကော်မတီဝင်များ၊ အရန်ပါတီကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပါတီကိုယ်စားပြုညီလာခံ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သတင်းမီဒီယာများ တက်ရောက်သည်။

ညီလာခံအပြီးတွင် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာသည့် သတင်းမီဒီယာများက ပါတီညီလာခံကျင်းပမှုနှင့်စပ်လျဉ်း၍ မေးမြန်းချက်များအပေါ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၂၄ မှ

ဂျိုရှုအာဗန်က ရှန်းထွက်နိုင်ရန် ကြိုးပမ်းခဲ့ရသည်။ ဂျိုရှုအာဗန်သည် ပန်တိုဂျာအားသာသည့် ချုပ်ကွက်ကို ရှန်းထွက်နိုင်ရန် သေချာပြင်ဆင်ထားပြီး ကြမ်းပြင်ပေါ်အလှဲတွင် ဒူးတိုက်ချက်ဖြင့် ထွက်မလာရန်နှင့်ဦးခေါင်းချုပ်မမိစေရန် သေချာကာကွယ်နိုင်ခဲ့သည်။ ဂျိုရှုအာဗန်သည် ချုပ်ကွက်မှ ရှန်းထွက်နိုင်သလို Stand Fight ဖြင့် ပန်တိုဂျာကိုအထိနာအောင် ထိုးသတ်နိုင်ခဲ့သည်။ ပန်တိုဂျာကလည်း အပြန်အလှန်လက်သီးများ ပစ်သွင်းရာ နှစ်ဦးစလုံး အထိနာခဲ့သည်။ စတုတ္ထအချီအထိ နှစ်ဦးစလုံး အသာမရဖြစ်နေသော်လည်း ပွဲအလှည့်အပြောင်းမှာ နောက်ဆုံးအချီဖြစ်ခဲ့သည်။

အသက်အရွယ်အရ နောက်ဆုံးအချီတွင် ပန်တိုဂျာ သက်လုံကျသွားပြီး ဂျိုရှုအာဗန်က အသာစီးမှ ထိုးသတ်နိုင်ခဲ့သည်။ ဂျိုရှုအာဗန်၏ တွဲလုံးလက်သီးများကြောင့် ပန်တိုဂျာ ကြမ်းပြင်ပေါ် ပြုတ်ကျခဲ့သလို ပွဲသိမ်းနိုင်ရန် ဆက်တိုက်ဖိထိုးခဲ့သည်။ ပန်တိုဂျာ၏ မာဂုဏ်ကြောင့် အလဲမထိုးနိုင်သော်လည်း အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် ဂျိုရှုအာဗန် အသာရခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်နှင့် ပန်တိုဂျာတွဲဆိုင်းသည် ယခုကျင်းပသည့် UFC 331 ပြိုင်ပွဲ၏ Fight of the Night အဖြစ် ရွေးချယ်ခံရပြီး အပိုဆုကြေးဒေါ်လာ တစ်သိန်းရရှိသည်။ ဂျိုရှုအာဗန်သည် ယခုပွဲအတွက် ထိုးကြေးဒေါ်လာ ငါးသိန်းရရှိပြီး ပန်တိုဂျာနှင့် တွေ့ဆုံသည့် နှစ်ပွဲစလုံး အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် ချန်ပီယံကာကွယ်ပွဲ ပထမပွဲတွင် ဂျပန်ဖိုက်တာ တက်ဆုရို၊ ဒုတိယပွဲတွင် ဘရာဇီးဖိုက်တာ ပန်တိုဂျာတို့ကို အနိုင်ရခဲ့ပြီး UFC ပြိုင်ပွဲသမိုင်း၏ ဒုတိယအသက်အငယ်ဆုံး ချန်ပီယံ၊ အာရှတိုက်၏ ပထမဆုံး အမျိုးသားချန်ပီယံအဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်သည်။

**သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - UFC**

❍ စာမျက်နှာ ၂၄ မှ

အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး Women's Singles အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ခင်နှင်းဝေသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိ အကောင်းဆုံးစွမ်းဆောင်ရည်ဖြင့် မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ခင်နှင်းဝေသည် အုပ်စုအဆင့်ပြိုင်ပွဲများ၌ ပွဲစဉ် သုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ပြိုင်ဘက်အသင်းများကို တစ်ပွဲပြီးတစ်ပွဲ အပြတ်အသတ်ယှဉ်ပြိုင်အနိုင်ယူ၍ သုံးပွဲစလုံး အနိုင်ရရှိခဲ့ပြီး အုပ်စုပထမနေရာဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့၍ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် လက်ဘနွန်အသင်းမှ အားကစားသမားနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ်ထပ်မံအနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းမှ အားကစားသမား Sumaya SUMAYA နှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် Sumaya SUMAYA က ရမှတ် ၁၂ မှတ်၊ ခင်နှင်းဝေက ရမှတ် ၁၀ မှတ်ဖြင့် အင်ဒိုနီးရှားအသင်းမှ အားကစားသမားက အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ခင်နှင်းဝေသည် အကောင်းဆုံး တန်ပြန်ကစားမှုများဖြင့် အင်ဒိုနီးရှားအသင်းမှ အားကစားသမားကို ရမှတ် ၁၂ မှတ် ၈ မှတ်ဖြင့် ဒုတိယပွဲငယ်တွင် ပြန်လည်အနိုင်ရရှိခဲ့ပြီး တတိယပွဲငယ်တွင် ခင်နှင်းဝေသည် အမှားနည်းစွာဖြင့် တည်ငြိမ်မှုရှိရှိ ထိချက်မှန်ကန်စွာ အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့ရာ ရမှတ် ၁၂ မှတ် ၉ မှတ်ဖြင့် Sumaya SUMAYA ကို ပွဲပြီးချိန်တွင် ရလဒ်(၂)ပွဲ (၁)ပွဲဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကာ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ဖြင့် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အလားတူ မြန်မာစံတော်ချိန် မွန်းလွဲ ၁၁ နာရီတွင် တက်ဂ်ဘောအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ (Teqball Men's Singles) တတိယလုပွဲ ပွဲစဉ်၌ မြန်မာအသင်းမှ စောဖရိုင်းဒေးသည် ဖိလစ်ပိုင်အသင်းမှ အားကစားသမား Prince AGUSTIN နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆုကို ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် တက်ဂ်ဘောအမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ (Teqball Women's Doubles Final)ပွဲစဉ်၌ မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲသည် ထိုင်းအသင်းမှ အားကစားသမား Suphawadi WONGKHAMC, jutatip KUNTATONG တို့အတွဲနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် ထိုင်းအသင်းမှ ရမှတ် ၁၂ မှတ် ၆ မှတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲငယ်တွင် ထိုင်းအသင်းက ရမှတ် ၁၂ မှတ် ၃ မှတ်ဖြင့် မြန်မာအသင်းကို အနိုင်ရရှိခဲ့သည့်အတွက် မြန်မာအသင်းအနေဖြင့် ဒုတိယနှင့်သာ ကျေနပ်နှစ်သိမ့်ခဲ့ရပြီး မြန်မာတက်ဂ်ဘောအသင်းအနေဖြင့် အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ဒုတိယငွေတံဆိပ်ဆုကိုသာ ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အကြိမ်(၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာတက်ဂ်ဘော အားကစားနည်းအနေဖြင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် တစ်ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်းနှင့် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် တတိယမြောက် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် Yanmar Stadium Nagai ၌ ဘင်္ဂလားဒေ့ရှ် အမျိုးသမီးဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✦ **လေဖိအားနည်းရပ်ဝန်းမှ**

**နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ နောက် ၇၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ ဩရိသပြည်နယ် တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)တို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညနေမှ စက်တင်ဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

■

## သံအမတ်ကြီး ဦးအေးမင်းထွေးအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးအေးမင်းထွေးအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

### သတင်းထုတ်ပြန်ချက်အမှတ်(၉/ ၂၀၂၆)

၁။ ငြိမ်းချမ်းရေးသည် လူ့အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး လူ့အခွင့်အရေးကို လေးစားကာကွယ်မြှင့်တင်ခြင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် အရေးပါသော အခြေခံအချက်ဖြစ်ပါသည်။ နိုင်ငံများအကြား ငြိမ်းချမ်းရေးကိုမြှင့်တင်ရန်နှင့် လူသားများအနေဖြင့် ငြိမ်းချမ်းရေး၏တန်ဖိုးကို သတိပြုမိစေရန် ရည်ရွယ်၍ နှစ်စဉ် စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ခဲ့ပါသည်။

၂။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ငြိမ်းချမ်းရေး၏ အရေးပါမှုကို အလေးထားဖော်ပြထားသကဲ့သို့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနိဒါန်းတွင် "လူသားအားလုံး၏ မွေးရာပါအခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ကမ္ဘာပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်သည်" ဟု ဖော်ပြထားရာ လူတစ်ဦးချင်းစီ၏ တန်ဖိုးနှင့် ဂုဏ်သိက္ခာကို လေးစားမှုရှိမှသာ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

၃။ ငြိမ်းချမ်းရေးသည် ပဋိပက္ခကင်းဝေးရုံမျှသာမက လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လက်တွေ့ခံစားနိုင်သည့် လူမှုအသိုက်အဝန်းတစ်ရပ်တည်ဆောက်ခြင်းဖြစ်ရာ ယခုနှစ် ငြိမ်းချမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "Invest in Peace: For Everyone, Everywhere, Everyday" နှင့်အညီ လူတိုင်း၊ နေရာတိုင်း၊ နေ့ရက်တိုင်း ငြိမ်းချမ်းရေးကို ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတဦးဆောင်လျက် "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ" (National Solidatity and Peacemaking Central Committee)ကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်**

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ) ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို စက်တင်ဘာလ (၂၈)ရက်(တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်ကို စက်တင်ဘာလ (၂၈)ရက်မှ အောက်တိုဘာလ(၁၆)ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါ တက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးတက္ကသိုလ်
(၅) မုံရွာတက္ကသိုလ်
(၆) ရွှေဘိုတက္ကသိုလ်
(၇) စစ်ကိုင်းတက္ကသိုလ်
(၈) ထားဝယ်တက္ကသိုလ်
(၉) တောင်ငူတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်
(၁၄) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅) မိတ္ထီလာတက္ကသိုလ်
(၁၆) ကျောက်ဆည်တက္ကသိုလ်
(၁၇) မော်လမြိုင်တက္ကသိုလ်
(၁၈) စစ်တွေတက္ကသိုလ်
(၁၉) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၂၀) တောင်ကြီးတက္ကသိုလ်
(၂၁) ကျိုင်းတုံတက္ကသိုလ်
(၂၂) လားရှိုးတက္ကသိုလ်
(၂၃) ပုသိမ်တက္ကသိုလ်
(၂၄) ဟင်္သာတတက္ကသိုလ်
(၂၅) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

## System Breakdown ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိဘပြည်သူများသို့ အသိပေးမေတ္တာရပ်ခံခြင်း

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက်

- ❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးစနစ် ပိုမိုကြံ့ခိုင်လာစေရေး အားဖြည့်တည်ဆောက်နေစဉ်အတွင်းမှာပင် ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုအသုံးပြုနိုင်စေရန်အတွက် တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိပါသည်။
- ❖ ယနေ့အချိန်တွင် အချို့သော မဟာဓာတ်အားလိုင်းကြီးများ ဖျက်ဆီးခံထားရချိန်ဖြစ်သဖြင့် ကျန်ရှိနေသောဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများကို ဆတိုး၍သယ်ဆောင်ထားနေရသည့် အခြေအနေဖြစ်ပါသည်။
- ❖ ယင်းသို့ဝန်ပိုများကိုကြာရှည်စွာသယ်ဆောင်ထားရသည်နှင့်အမျှ ဝန်သယ်ကြိုးများတွင် ဒဏ်ဖြစ်ပေါ်လာပြီး ဝန်သယ်နိုင်အားလျော့ကျလာလျက်ရှိပါသည်။
- ❖ ပို၍ဆိုးသည်မှာ ဓာတ်အားလိုင်းကြီးများအပါအဝင် ဓာတ်အားစနစ်တစ်လျှောက် မိုးကြိုးလျှပ်စစ်အန္တရာယ်မှ အကာအကွယ်ရရှိနိုင်ရန်အတွက် တာဝါတိုင်များတွင် တပ်ဆင်ထားသည့် မြေစိုက်ကြိုး(Earth Wire)များကို ဖြတ်၍ခိုးယူခြင်း၊ တာဝါတိုင်အခြေမှ သံပေါင်များ၊ ဘို့နပ်များကိုဖြုတ်၍ ခိုးယူခြင်းများကြောင့် ဓာတ်အားစနစ်သည် မိုးကြိုးလျှပ်စီးဒဏ်မှ အကာအကွယ်မဲ့သွားပြီး ဝန်သယ်ကြိုးများတွင် ဒဏ်များ ပိုမိုဖြစ်ပေါ်လာ၍ ပြတ်ကျခြင်း၊ တာဝါတိုင်များသည် ကြံ့ခိုင်မှုအားနည်းသွားပြီး အလိုအလျောက် (သို့မဟုတ်) သာမန်လေပြင်းတိုက်ရုံမျှဖြင့် ပြိုလဲခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။
- ❖ ထို့အပြင် ဘို့နပ်များကို ဖြုတ်ယူနိုင်ခြင်းမရှိစေရန်အတွက် အချို့နေရာများတွင် လျှပ်စစ်ဂဟေဖြင့်ဆက်၍ ဆောင်ရွက်နေရခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ ယင်းနေရာတွင် သံချေးစား၍ တာဝါတိုင်ကျိုးပြတ်ခြင်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။
- ❖ ယင်းဖြစ်စဉ်များသည် နိုင်ငံတော်ဓာတ်အားစနစ်၏ အနှောင့်အယှက်၊ အဖျက်အဆီးများဖြစ်ပြီး ဓာတ်အားစနစ်တစ်လျှောက် မကြာခဏအပြစ်ဖြစ်ပေါ်၍ နေရာဒေသအလျောက် ဓာတ်အားပြတ်တောက်ခြင်း၊ အချို့အချိန်များတွင် တစ်နိုင်ငံလုံး ဓာတ်အားပြတ်တောက်၍ System Breakdown ဖြစ်ခြင်းတို့၏ အဓိကအကြောင်းတရားများဖြစ်သည်ကို တွေ့ရှိရပါသည်။
- ❖ System Breakdown ဖြစ်ပေါ်သည်နှင့် ဝန်ထမ်းများသည် အချိန်ကာလ၊ နေရာဒေသမရွေး ချက်ချင်းအပြစ်ရှာဖွေ ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသော်လည်း အမြန်ဆုံးလျှပ်စစ်ဓာတ်အားပြန်လည်ရရှိသည့်နေရာမှာ မိနစ် ၃၀ ကြာမြင့်ပြီး အချို့နေရာဒေသများတွင် ၅ နာရီခန့် ကြာမြင့်သည်ဖြစ်ရာ နိုင်ငံတော်တွင် ကြီးမားသောနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။
- ❖ သို့ဖြစ်ရာ မိဘပြည်သူများအနေဖြင့် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားစနစ်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြပါရန်နှင့် နှောင့်ယှက်ဖျက်ဆီးသူများကို ဖော်ထုတ်သတင်းပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**



ဓာတ်အားပို့လွှတ်သည့်တာဝါတိုင်များတွင် တပ်ဆင်ထားသည့် မြေစိုက်ကြိုး(Earth Wire) များဖြတ်၍ ခိုးယူခံထားရမှုကို တွေ့ရစဉ်။




တာဝါတိုင်များအခြေတွင် သံပေါင်များ၊ ဘို့နပ်များဖြုတ်၍ ခိုးယူခံထားရမှုကို တွေ့ရစဉ်။



သံပေါင်များ၊ ဘို့နပ်များ ခိုးယူခြင်းမခံရစေရန်အတွက် ဂဟေဆော်၍ တွဲဆက်နေမှုကို တွေ့ရစဉ်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ဘယ်ရီသီးများတွင် တွေ့ရသည့် သဘာဝဒြပ်ပေါင်းတစ်မျိုး ကြွက်သားဆဲလ်များအတွင်း အဆီစုပုံခြင်းကို လျော့ကျစေနိုင်

သဘာဝအစားအစာအချို့တွင် ပါဝင်သော တေရိစတီလ်ဘီးန်ဟုခေါ်သည့် ဒြပ်ပေါင်းတစ်မျိုးသည် ပီပီအာဒယ်လ်တာ (ခေါ်)ပရိုတိန်းတစ်မျိုးကို တည်ငြိမ်စေပြီး ၎င်း၏အချက်ပြလှုပ်ဆော်မှုလုပ်ငန်းစဉ်ကို မြှင့်တင်ပေးခြင်းဖြင့် အရိုးတည်ဆောက်ပုံကြွက်သားများက အဆီများကို လုပ်ဆောင်ချက်ပေးပုံအပေါ် သက်ရောက်မှုရှိစေသည်။

စပျစ်သီး၊ စတော်ဘယ်ရီသီးနှင့် အခြားဘယ်ရီသီး အမျိုးမျိုးတို့တွင် သဘာဝအလျောက် ပါဝင်သည့် အဆိုပါ ဒြပ်ပေါင်းသည် ကြွက်သားဆဲလ်များက အဆီကို မည်သို့အသုံးပြုသည်ကို ထိန်းညှိပေးသော ပရိုတိန်းကို ကာကွယ်ပေးခြင်းအားဖြင့် ဆဲလ်များအတွင်း ပိုလျှံနေသော အဆီများကို ဖယ်ရှားပေးနိုင်ဖွယ်ရှိကြောင်း ဂျပန်နိုင်ငံမှ သုတေသီများ လေ့လာတွေ့ရှိခဲ့သည်။

အကယ်၍ ကြွက်သားဆဲလ်များအတွင်း အဆီပိုများ စုပုံလာခြင်းကို မဟန့်တားနိုင်လျှင် ဂလူးကို့စ်နှင့် ဖက်တီးအက်စစ်များကို စွမ်းအင်အဖြစ် ထိရောက်စွာ အသုံးပြုနိုင်စွမ်းကို ထိခိုက်စေနိုင်မည်ဟု ဆိုသည်။

(SCI)

* * * * * *





## မီးရ်ကတ်စက်ဝိုင်း အာကာသကြည့်မှန်ပြောင်းက စကြဝဠာ ဟိုက်ဒရိုဂျင်ထုတ်လွှတ်မှုများကို ဖမ်းယူရရှိ

တောင်အာဖရိကနိုင်ငံရှိ မီးရ်ကတ်ရေဒီယို အာကာသကြည့်မှန်ပြောင်းကို အသုံးပြုနေသည့် အာကာသဗေဒပညာရှင်များသည် အလင်းနှစ် ဘီလီယံပေါင်းများစွာ ဝေးကွာသောနေရာရှိ နယူထရယ် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များထံမှ အားပျော့သည့် ရေဒီယိုထုတ်လွှတ်မှုများကို တိုက်ရိုက်ဖမ်းယူနိုင်ခဲ့ကြသည်။

အဆိုပါ ရေဒီယိုလှိုင်းသင်္ကေတများသည် ကမ္ဘာမြေသို့ မရောက်ရှိမီ နှစ်ပေါင်း လေးဘီလီယံမှ ငါးဘီလီယံခန့်အထိ ခရီးနှင်ခဲ့ရခြင်းဖြစ်ပြီး စကြဝဠာ၏ သမိုင်းကြောင်း အစောပိုင်းကာလ တည်ဆောက်ပုံများကို လေ့လာနိုင်မည့်အခွင့်အလမ်းကို ဖန်တီးပေးခဲ့သည်။

မန်ချက်စတာတက္ကသိုလ်နှင့် ဝက်စတန်းကိပ်တက္ကသိုလ်တို့မှ သုတေသီများပါဝင်သော အပြည်ပြည်ဆိုင်ရာ သုတေသနအဖွဲ့သည် နာရီ ၉၆ နာရီခန့် လေ့လာစောင့်ကြည့်မှုများမှတစ်ဆင့် ယင်းလှိုင်းသင်္ကေတများကို ထုတ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(SCI)

## Jimin ကို မီးတောက်မြေခွေးအဖြစ် စင်ပေါ်တွင် တွေ့ရ

BTS အဖွဲ့ဝင် Park Jimin (ခေါ်)Jimin ကို စတိတ်စင်ပေါ်တွင် ကိုးမြီးမြေခွေး (ခေါ်) မီးတောက် မြေခွေးတစ်ကောင်ကဲ့သို့ တွေ့ရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jimin ၏ အပြင်ပန်းတွင် နက်နဲဆန်းကြယ်သည့် ရနံ့မျိုးကို ဖြာထွက်စေပြီး နူးညံ့သိမ်မွေ့ကာ အကန့်အသတ်မရှိ ချစ်ခင်ကြင်နာတတ်သူဖြစ်သော်လည်း အတွင်းစိတ်ထဲ၌ ဘယ်တော့မှ မငြိမ်းသတ်နိုင်သည့် တောက်လောင်နေသော မီးတောက်မြေခွေးကို ဝှက်ထားတတ်သူ ဖြစ်သည်။

ဂီတစင်မြင့်ပေါ်တွင် ရပ်နေရုံနှင့်ပင် ပရိသတ်၏ စိတ်ဝိညာဉ်ကို ညှို့ယူထားနိုင်ကာ အသက်သေစေလောက်သည့် ဆွဲဆောင်မှု၊ အလှတရားနှင့် သူ့ကိုယ်ပိုင်အသက်စွမ်းအင်ကိုပါ မီးရှို့ပစ်နိုင်အောင် စွမ်းအင်များ ဖြာထွက်နေသူ ဖြစ်သည်။ စံနှုန်းမြင့်၍ ပြီးပြည့်စုံသည့် စင်မြင့်ဖျော်ဖြေပွဲများတွင် မီးတောက်မြေခွေးကဲ့သို့ ဆွဲဆောင်နိုင်ရန် မွေးဖွားလာသူ ဖြစ်သည်။

(SKY)




## Xiao Zhan က Chongqing Drama တွင် ပါဝင်ရန် စဉ်းစား

တရုတ်အနုပညာလောကမှ ထွက်ရှိလာမည့် Chongqing အမည်ရ Drama အသစ်တွင် Xiao Zhan ပါဝင်ရန် စဉ်းစားနေကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားသစ် စီမံကိန်းကို Daylight Entertainment နှင့် ချိတ်ဆက်ထားကာ Xiao Zhan ပါဝင်မှုကို အတည်ပြုချက် တရားဝင်မရှိသေးသော်လည်း ပရိသတ် လူကြိုက်များစိတ်ဝင်စားမှု ရရှိထားသည်။

ထို Drama တွင် ၁၉၄၉ ခုနှစ်က အဖြစ်အပျက်များကို အခြေခံထားသည့် သမိုင်းဝင်ဇာတ်လမ်းတွဲကြီးဖြစ်ပြီး ထုတ်လုပ်သူ ဟူဟုန်လင်နှင့် ဒါရိုက်တာကွမ်ဆောင်တို့ ဖန်တီးမှုကြောင့် အရည်အသွေးမြင့် ထုတ်လုပ်မှုဖြစ်ကာ Xiao Zhan ပါဝင်လာပါက လာမည့်နှစ်အတွက် အမျှော်လင့်ဆုံး တရုတ် Drama စီမံကိန်း တစ်ခု ဖြစ်လာမည်ဟု ပရိသတ် ယုံကြည်နေကြသည်။



Xiao Zhan သည် ၂၀၂၆ ခုနှစ်အတွင်း ဇာတ်လမ်းတွဲ တစ်ဆု၊ ရုပ်ရှင်ဇာတ်ကားနှစ်ဆုနှင့် တရုတ်နိုင်ငံတစ်ဝန်း တက္ကသိုလ်ကျောင်းသားထုက ပေးအပ်သော ဆုတို့ကို ပိုင်ဆိုင်ထားသည်။ ရုပ်ရည်က နတ်ဘုရား၊ အောင်မြင်မှုက အလင်းရောင်လို တောက်ပနေသူ ဖြစ်သည်။ (SKY)

## Wang Yibo ကို စွန့်ဦးရှေ့ဆောင်သူအဖြစ် UNESCO မှ ဖိတ်ကြား

တရုတ်အနုပညာရှင် Wang Yibo ကို ကမ္ဘာ့ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ UNESCO မှ စွန့်ဦးရှေ့ဆောင်သူအဖြစ် ဖိတ်ကြားခံရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Wang Yibo သည် သက်ဆိုင်ရာနယ်ပယ်များတွင် အကောင်းဆုံး အောင်မြင်မှုများရရှိထားသူဖြစ်သည်။ ၂၀၁၉ ခုနှစ် Forbes China Celebrity ၁၀၀စာရင်းတွင် နံပါတ်(၇၁)၊ ၂၀၂၀ ပြည့်နှစ်တွင် နံပါတ်(၉)၊ ၂၀၂၁ ခုနှစ်တွင် နံပါတ်(၂)နေရာအထိ ရောက်ရှိခဲ့သည်။ ၂၀၂၆ ခုနှစ်တွင် Forbes China 30 Under 30 တွင် တရုတ်နိုင်ငံ၏ အောင်မြင်သည့် လူငယ်မျိုးဆက်သစ်ဖြစ်ကာ Forbes Asia 30 Under 30 တွင် အာရှ၏ အောင်မြင်မှု အကြီးမားဆုံး လူငယ်မျိုးဆက်သစ် ဖြစ်ခဲ့သည်။

အဆိုပါ Forbes ဆိုသည်မှာ ကမ္ဘာတစ်ဝန်း ကျော်ကြားပြီး ဩဇာကြီးမားသည့် အမေရိကန် အခြေစိုက်စီးပွားရေးနှင့် ကျန်းမာရေးမဂ္ဂဇင်းဖြစ်ပြီး ကမ္ဘာအနှံ့ကဏ္ဍအသီးသီးမှ ထူးချွန်ထက်မြက်သူ လူငယ်မျိုးဆက်သစ်များကို ဖော်ထုတ်သည့် မဂ္ဂဇင်းဖြစ်သည်။

Wang Yibo သည် မူလတန်းနှင့် အလယ်တန်းကို မွေးရပ်မြေ လော့ရမ်တွင် တက်ခဲ့ပြီး အသက်(၁၃)နှစ်ကျော်တွင် တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ သမိုင်းဝင် နာမည်ကျော် အနုပညာအထက်တန်းကျောင်းတွင် တက်ခဲ့သည်။ အနုပညာလောကသို့ UNIQ အဖွဲ့ဝင်အဖြစ် ခြေစုံပစ်ဝင်ခဲ့ကာ အက၊ ရုပ်ရှင်၊ အဆို၊ အားကစား၊ ဖက်ရှင်နှင့် အခြားကဏ္ဍများတွင်ပါ မဆုတ်မနစ် ကြိုးစားအားထုတ်ခဲ့သူဖြစ်ပြီး စွန့်ဦးရှေ့ဆောင် လုပ်ကိုင်ခဲ့သည်။ (SKY)




## IU, Taeyeon နှင့် Heize တို့ကို အသံဘုရင်မများဟု သတ်မှတ်

K Pop လောကတွင် အသံဘုရင်မများစွာအနက် ဧကရီသုံးပါးအဖြစ် IU, Taeyeon နှင့် Heize တို့ သတ်မှတ်ခံရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



Girl's Generation အဖွဲ့ဝင် Taeyeon မှာ သီချင်းတစ်ပုဒ်ချင်းစီ၏ ခံစားမှုအလိုက် အပြည့်အဝ သီဆိုနိုင်စွမ်းရှိပြီး ဆွဲအားပြင်း အသံကို ပိုင်ဆိုင်ထားကာ Premium နှင့် Midnight Rain တို့တွင် ဂီတအရည်အသွေး ပြသထားသည့် ဧကရီတစ်ပါး ဖြစ်သည်။

တစ်ကိုယ်တော်အဆိုတော် IU ၏ သီချင်းများမှာ စာအုပ်ကောင်းတစ်ပုဒ် အေးဆေးစွာ ဖတ်နေရသည့် ခံစားချက်မျိုး စာသားများမှတစ်ဆင့် နှလုံးသားကို နက်ရှိုင်းစွာ လှုပ်ခတ်နိုင်စေပြီး လူငယ်ဘဝ ဖြတ်သန်းမှု၊ အချစ်၊ အလွမ်းများကို ရိုးရှင်းစွာ ပုံဖော်တတ်ကာ My Sea, Love Wins all တို့၏ ဧကရီဖြစ်သည်။

Pop နှင့် R&B ဘုရင်မ Heize ၏ သီချင်းများက ထူးခြားပြီး စိတ်ကို လန်းဆန်းတက်ကြွမှု ပေးကာ Melody သာမက Rap Style ကလည်း ခေတ်မီနေ၍ အလိုလိုခံစားမှုရကာ ညဘက် အလှတရားများနှင့် လိုက်ဖက်သည့် သီချင်းများကို ဖန်တီးတတ်သည်။ (SKY)

# ၂၀၂၆ ခုနှစ် အာရှအားကစားပြိုင်ပွဲ (Asian Games) ဂျပန်နိုင်ငံ နာဂိုယာမြို့၌ စတင်ဖွင့်လှစ်



တိုကျို စက်တင်ဘာ ၂၀

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ၂၀၂၆ ခုနှစ် အာရှအားကစားပြိုင်ပွဲ (Asian Games) ကို ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို Mizuho Park အားကစားကွင်း၌ ကျင်းပပြုလုပ်ပြီး နိုင်ငံနှင့် ဒေသပေါင်း ၄၅ ခုမှ အားကစားသမားများ ပါဝင်ဆင်နွှဲလျက်ရှိသည်။

ဂျပန်အသင်းမှ အားကစားသမား ၂၈၀ ကျော်သည် အခမ်းအနားအတွက် ကွင်းအတွင်းသို့ နိုင်ငံကိုယ်စားပြု နောက်ဆုံးအဖွဲ့အဖြစ် ချီတက်ဝင်ရောက်လာခဲ့ကြသည်။ ၎င်းတို့ကို ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် အမျိုးသမီး နပန်းအားကစားနည်း၌ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သူ ဖူဂျီနာမီ အာကာရီနှင့် ဘီအမ်အိတ်စ်စက်ဘီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နာကာမူရာရီမူတို့က ဦးဆောင်ခေါ်ဆောင်လာခဲ့သည်။ ဂျပန်နိုင်ငံသည် အဆိုပါပြိုင်ပွဲအတွက် အားကစားသမား ၉၀၀ ပါဝင်သည့် ၎င်းတို့၏သမိုင်းတစ်လျှောက် အကြီးမားဆုံး ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ထားခြင်း ဖြစ်သည်။

ဂျပန်ဧကရာဇ် နာရူဟီတိုက အာရှအားကစားပြိုင်ပွဲ တရားဝင်ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။

အမျိုးသား သံလုံးပစ် (hammer throw) အားကစားနည်းတွင် အိုလံပစ်ရွှေတံဆိပ်ဆွတ်ခူးခဲ့ဖူးသူ မူရိုဖူရှိကိုဂျီနှင့် ၎င်း၏ဖခင်တို့က ပြိုင်ပွဲမီးရှူးတိုင်ကို မီးထွန်းညှိပေးခဲ့သည်။ အားကစားသမား ၁၀၀၀ ခန့်က မီးရှူးတိုင်ကို သယ်ဆောင်လှည့်လည်ခဲ့သည်။

ပြိုင်ပွဲတွင် အားကစားနည်းပေါင်း ၄၃ မျိုး ပါဝင်ပြီး ၎င်းတို့အနက် ၂၀၂၈ ခုနှစ် လော့စ်အိန်ဂျလိစ် အိုလံပစ်ပြိုင်ပွဲအတွက် ခြေစစ်ပွဲအဆင့်များ ပါဝင်သည့် ရေလှိုင်းစီးခြင်းနှင့် ဟော်ကီကစားနည်းတို့လည်း ပါဝင်သည်။ ထို့ပြင် ပိုက်ကျော်ခြင်းနှင့် E-sports ကဲ့သို့သော အိုလံပစ်ပြိုင်ပွဲတွင် မပါဝင်သေးသည့် အားကစားနည်းများကိုလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၁၆ ရက်ကြာမြင့်မည့် အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ၁၉၉၄ ခုနှစ်က ဟီရိုရှီးမားမြို့၌ ပြိုင်ပွဲကို နောက်ဆုံးအကြိမ် လက်ခံကျင်းပခဲ့ဖူးသည်။

**အင်န်အိတ်ချ်ကေ**

## ဟူသီအဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံအပေါ် တိုက်ခိုက်ပြီးနောက် တူကီယဲနိုင်ငံက နည်းပညာကူညီပေးသွားမည်

**အန်ကာရာ စက်တင်ဘာ ၂၀**

ဆော်ဒီအာရေဗျနိုင်ငံအပေါ် ဟူသီအဖွဲ့က ပြုလုပ်ခဲ့သော တိုက်ခိုက်မှုများအပေါ် တုံ့ပြန်သည့်အနေဖြင့် တူကီယဲနိုင်ငံက မက္ကာ ပူးတွဲကာကွယ်ရေးသဘောတူညီချက်အရ မိမိတို့၏ ကတိကဝတ်ကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နည်းပညာအကူအညီများလည်း ပေးမည်ဖြစ်ကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်က ယမန်နေ့က ပြောကြားခဲ့သည်။

မက္ကာသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများက ဆော်ဒီအာရေဗျနိုင်ငံအပေါ် ဟူသီအဖွဲ့၏ တိုက်ခိုက်မှုများကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း ဝန်ကြီး ဟာကန်ဖီဒန်က ရပ်သံလိုင်းမှတစ်ဆင့် ပြောကြားခဲ့သည်။

ဟူသီတို့၏ တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး မက္ကာသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများအနေဖြင့် စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ အကူအညီ လိုအပ်ချက်များသည် အချို့သော နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များအပေါ် အဓိကထားဖွယ်ရှိပြီး တူကီယဲနိုင်ငံအနေဖြင့် အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီး ဟာကန်ဖီဒန်က ဆက်လက်ပြောကြားခဲ့သည်။

မက္ကာသဘောတူညီချက် အကောင်အထည်ဖော်မှု နှေးကွေးနေသည်ဟူသော ပြောဆိုချက်များကို တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်က ပယ်ချခဲ့ပြီး အဆိုပါ မဟာမိတ်အဖွဲ့သည် ဒေသတွင်းရှိ နိုင်ငံများအတွက် ပွင့်လင်းမြင်သာမှုရှိကာ "အသွင်ကူးပြောင်းရေးဆိုင်ရာ ပလက်ဖောင်းတစ်ခု" ဖြစ်ကြောင်းလည်း ထောက်ပြပြောဆိုခဲ့သည်။

မက္ကာ ပူးတွဲကာကွယ်ရေးသဘောတူညီချက်ကို ဩဂုတ် ၇ ရက်က ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့၌ ဆော်ဒီအိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ် မိုဟာမက်ဘင်ဆာလမန်၊ တူကီယဲ သမ္မတ အာဒိုဂန်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဗတ်ရှရစ်ဖ်တို့က လက်မှတ်ထိုးခဲ့ကြသည်။

သဘောတူညီချက်အရ လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်နိုင်ငံကို တိုက်ခိုက်ခြင်းသည် နိုင်ငံအားလုံးကို တိုက်ခိုက်ခြင်းအဖြစ် သတ်မှတ်မည်ဖြစ်သည်။

မကြာသေးမီလများအတွင်း ဆော်ဒီအာရေဗျနိုင်ငံနှင့် ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့တို့အကြား အပြန်အလှန်တိုက်ခိုက်မှုများ ထပ်တလဲလဲပြုလုပ်ခဲ့ကြသဖြင့် တင်းမာမှုများ မြင့်တက်လာခဲ့သည်။

**ဆင်ဟွာ**

၀-၀-၀-၀-၀

## အီတူရီပြည်နယ်၌ အီဘိုလာ ကာကွယ်ဆေးထိုးနှံမှု တိုးချဲ့ ကွန်ဂိုလူဦးရေ ၃၇၀၀ ကျော် ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်

**ကင်ရှာဆာ စက်တင်ဘာ ၂၀**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် ဖြစ်ပွားနေသည့် အီဘိုလာ ရောဂါကူးစက်မှု၏ ဗဟိုချက်ဖြစ်သော အီတူရီပြည်နယ်သို့ အီဘိုလာကာကွယ်ဆေးထိုးနှံမှုကို တိုးချဲ့ဆောင်ရွက်ခဲ့ပြီး အဆိုပါနိုင်ငံအတွင်း လူဦးရေ ၃၇၀၀ ကျော်ကို ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အီတူရီပြည်နယ်၏ မြို့တော် ဘူနီယာ၌ နယ်စည်းမခြား ဆရာဝန်များအဖွဲ့က ကွန်ဂို ကျန်းမာရေး အာဏာပိုင်များ၊ အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး ဗဟိုဌာနအပြင် အခြားသော သိပ္ပံဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘရာဇီဗဟုအမည်ရသည့် ကာကွယ်ဆေးထိုးနှံမှု လေ့လာဆန်းစစ်ချက်တစ်ခုကို စတင်လိုက်ခြင်းနှင့်အတူ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ရောဂါကူးစက်မှုဒဏ် အပြင်းထန်ဆုံးခံစားရသည့် ပြည်နယ်နှစ်ခုဖြစ်သော အီတူရီနှင့်မြောက်ကီဗူးတို့ရှိ ရှေ့တန်းမှ ကူညီဆောင်ရွက်နေသူ ဝန်ထမ်းပေါင်း ၂၀၀၀ ခန့်အား ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားကြောင်း သိရသည်။ **Mon**




## ကမ္ဘာလှည့်ခရီးသွားများနှင့် မြို့ကြီးများရှိ ဝယ်လိုအားတို့ကြောင့် ဂျပန်နိုင်ငံ၏ မြေဈေးနှုန်းများ ငါးနှစ်ဆက်တိုက် မြင့်တက်လာခဲ့

**တိုကျို စက်တင်ဘာ ၂၀**

ဂျပန်နိုင်ငံ၏ မြေဈေးနှုန်းများသည် ကမ္ဘာလှည့်ခရီးသွားများ စုပုံဝင်ရောက်လာမှုနှင့် မြို့ကြီးများရှိ ဝယ်လိုအားတို့ကြောင့် ဇွန်လ ၃၀ ရက်အထိ တစ်နှစ်တာကာလအတွင်း ငါးနှစ်ဆက်တိုက် မြင့်တက်လာခဲ့ပြီး ၃၅ နှစ်အတွင်း အမြန်ဆုံးနှုန်းထားဖြင့် မြင့်တက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပျမ်းမျှမြေဈေးနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ဂျပန်နိုင်ငံ၏ ပိုင်ဆိုင်မှု ပူပေါင်းဈေးကွက် မပေါက်ကွဲမီ တိုင်းတာသည့် ၁၉၉၁ ခုနှစ်တွင် မြေဈေးနှုန်း ၃ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ဖူးသည်။

ဆိုင်ခန်းများနှင့် ဟိုတယ်များအတွက် ဝယ်လိုအားကြောင့် စီးပွားရေးဇုန် မြေဈေးနှုန်းသည် ၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် နေထိုင်ရန် မြေဈေးနှုန်းသည် ၁ ဒသမ ၀ ရာခိုင်နှုန်းစီ မြင့်တက်ခဲ့ရာ မတူညီသော နှုန်းထားများဖြင့်ဖြစ်သော်လည်း အဓိက ကဏ္ဍနှစ်ခုစလုံး မြင့်တက်ခဲ့ကြောင်း သိရသည်။ **Mon**



## အင်ဒိုနီးရှားနှင့် အိန္ဒိယဧည့်သည်များဝင်ရောက်မှု လျော့နည်းသွား ယမန်နှစ်ကထက် ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့

**စင်ကာပူ စက်တင်ဘာ ၂၀**

အင်ဒိုနီးရှားနှင့် အိန္ဒိယအပါအဝင် အဓိကဈေးကွက်များမှ ဧည့်သည်ဝင်ရောက်မှု လျော့နည်းသွားရာမှ စင်ကာပူနိုင်ငံသို့ ယခုနှစ်၏ ပထမရှစ်လအတွင်း ကမ္ဘာလှည့်ခရီးသွား ၁၁ ဒသမ ၄၃ သန်း လာရောက်ခဲ့ပြီး ယမန်နှစ်ကထက် ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



စင်ကာပူ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့၏ နောက်ဆုံးရစာရင်းဇယားများအရ အဆိုပါမြို့ပြနိုင်ငံသို့ ဩဂုတ်လအတွင်း နိုင်ငံတကာ ခရီးသွား ၁ ဒ သမ ၆၁ သန်း ဝင်ရောက်ခဲ့ရာ ဇူလိုင်လထက် ၁ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းခဲ့သော်လည်း ယမန်နှစ်ကနှင့်နှိုင်းယှဉ်ပါက မပြောင်းလဲခဲ့ပေ။

ဩဂုတ်လအတွင်း ညအိပ်ခရီးသွား အရေအတွက် ၁ ဒသမ ၂၄ သန်းရှိခဲ့ရာ ဇူလိုင်လထက် ၆ ရာခိုင်နှုန်းနီးပါး မြင့်တက်လာသော်လည်း ယမန်နှစ် တူညီသောကာလထက် ၂ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရသည်။

**Mon**

STOP AIDS

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော၊ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ

**ပူတာအို စက်တင်ဘာ ၂၀**

ကချင်ပြည်နယ်၊ ပူတာအို ခရိုင်တွင် ယာဉ်အန္တရာယ်ကင်း ရှင်းရေးနှင့် မော်တော်ဆိုင်ကယ် မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာလာစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ပူတာအိုမြို့တွင်း လူအသွားအလာများသော မြို့မဈေးရှေ့ခရိုင်ပြန်/ဆက်လမ်းဆုံနှင့် လေယာဉ်ကွင်းရပ်ကွက် ရပ်တုလမ်းဆုံတို့၌ ပူးပေါင်းအဖွဲ့များက အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**



အသိပညာပေး ဟောပြောရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်၊ မြို့နယ်ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ တာဝန်ခံ ဒုရဲအုပ် ဘိုဘိုအောင်နှင့် တာဝန်ရှိသူများက ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများအား မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့်အချက်များနှင့် ဆိုင်ကယ်မောင်းနှင်သူများ အန္တရာယ်ကင်းစေရန် ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြရန် အသိပညာပေးခဲ့သည်။

ဆက်လက်၍ မြို့မဈေးရှေ့ပြန်/ဆက်လမ်းဆုံနှင့် လေယာဉ်ကွင်းဈေးရှေ့ ရပ်တုလမ်းဆုံတွင် ဆိုင်ကယ်စီး ဦးထုပ်အလုံး ၁၀၀ နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ပူတာအိုမြို့အတွင်း ၂၀၂၆-ခုနှစ် ပထမလေးလပတ်အတွင်း ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသူများ ရှိခဲ့ပြီး ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့သည်။ ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ကို မေလ ၁ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး လမ်းအသုံးပြုသူများနှင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ရာ မေလမှစ၍ ယနေ့အထိ ယာဉ်တိုက်မှုဖြစ်ပွားခြင်းများ လုံးဝမရှိခဲ့ကြောင်း မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ တာဝန်ခံထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**မိုးကုတ် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်၊ မြို့မအုပ်စု၊ ရှမ်းတောရပ်ရှိ ရှေးဟောင်းသမိုင်းဝင် ချမ်းသာကြီးဘုရား ပရိဝုဏ်အတွင်း၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်လွင်ဌေး၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်အရာရှိများ၊ အခြားအဆင့် စုစုပေါင်း ၃၀ ဦးတို့က မိုးကုတ်မြို့ သန့်ရှင်းသာယာလှပစေရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စိုင်းလှမြင့်သိန်း(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နှစ်လုံး၊ သုံးလုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူ

**လပွတ္တာ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ စက်တင်ဘာ ၁၈ ရက်က နှစ်လုံး၊ သုံးလုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၇)ရပ်ကွက်၊ လပွတ္တာ-မြောင်းမြသွား ကားလမ်းအရောက် လမ်းလျှောက်လာသူ တောင်ကုန်းကျေးရွာနေ မင်းသိန်း(၃၀)နှစ်ဆိုသူအား စစ်ဆေးခဲ့ရာ ၄င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းဖြင့် နှစ်လုံး၊ သုံးလုံးထီလောင်းကစားထားသည့် စာသားများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မင်းသိန်းဆိုသူအား လပွတ္တာမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် အရေးယူဆောင်ရွက်ထားသည်။



အလားတူမွန်းလွဲ ၁ နာရီခွဲတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ရွှေတောင်ရပ်ကွက်၊ ကျိုက်သလ္လံဘုရားလမ်းရှိ လက်ဖက်ရည်ဆိုင်၌ နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားနေကြောင်း သတင်းအရ စစ်ကဲကုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဘိုကုန်းရပ်ကွက်နေ ဦးအေးဝင်း ၆၂ နှစ်ဆိုသူအား အဆိုပါ ဆိုင်အတွင်း၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အေးဝင်းဆိုသူအား စစ်ကဲကုန်းနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## နေအိမ်အပေါ်သို့ သစ်ပင်ပြိုလဲကျမှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မှော်တောင်ရပ်ကွက်၊ ကန်တော်ကြီးအနောက်ဘက်တွင် စက်တင်ဘာ ၁၉ ရက် ညနေ ၄ နာရီခွဲက နေအိမ်အပေါ်သို့ သစ်ပင်ပြိုလဲကျမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ သစ်ပင်ပြိုလဲရာသို့ မြို့နယ်မီးသတ်စခန်းမှ ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ သံလျက်မှော်တောင်ရပ်ကွက် အရန်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ တမ္ပဝတီအရန်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

(ဝ၅၇)

၀-၀-၀-၀-၀

## Aircon Safe Guard အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကုန်းတန်းကျေးရွာနေ ဦး×××××× ပိုင်ဆိုင်သော (၂၄)နာရီဆေးခန်းတွင် Aircon Safe Guard အပူလွန်ကဲပြီး ဆေးပစ္စည်းချပ်ဖာများပေါ်သို့ မီးပွားကျရာမှ မီးလောင်မှု စက်တင်ဘာ ၂၀ ရက် နံနက် ၄ နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ပုသိမ်ကြီးမြို့နယ် မီးသတ်စခန်းမှ ဦးစီးမှူး ဦးမင်းသန့် ဦးဆောင်၍ သန္ဓေအရန်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်များ၊ မီးသတ်ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။



မီးလောင်မှုကြောင့် (၂၀×၄၅)ပေ၊ အာရ်စီသုံးထပ်၊ တတိယထပ်အခန်းအတွင်းရှိ စက်ပစ္စည်းများနှင့် အတွင်းပစ္စည်းများ မီးလောင်ကာ ငွေကျပ်သိန်းခြောက်ဆယ်ခန့် မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာ သုံးစွဲသူ ဆေးခန်းတာဝန်ခံ ဒေါ်×××××× (၃၂)နှစ်ဆိုသူအား အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၅၇)

## ရန်-မန်းကားလမ်းတွင် သစ်ပင်လဲကျပြီး ခရီးသည်တင်ယာဉ်ပေါ်ပိမိ

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊ မိုင်တိုင်အမှတ်(၃၇၃/၄)ဖာလုံတွင် လုံးပတ် ၃ ပေ၊ အမြင့်ပေ ၄၀ ရှိ လက်ပံပင်ပြိုလဲပြီး ခရီးသည်တင်ယာဉ်ပေါ်သို့ပိမိမှု စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲက ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

အဆိုပါ သစ်ပင်ပြိုလဲရာသို့ ကျောက်ဆည်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ခရီးသည်တင်ယာဉ် လေကာမှန်ကွဲပျက်စီးကာ လူနှင့်အခြားတစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။ **(ဝ၅၇)**



# ညောင်တုန်းကျွန်းတာ ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ ဩဂုတ်လကုန်မှ စက်တင်ဘာလ တတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော တိုးမြစ်မြစ်ကမ်းပြိုခြင်း၊ ရေတိုက်စားမှုများဖြစ်ပေါ်ခဲ့သော ညောင်တုန်းကျွန်းတာ တာမိုင် (၁၁/၅) မှ (၁၁/၇) အတွင်းနှင့် တာမိုင် (၁၂/၂) မှ (၁၂/၃)အတွင်း နေရာများတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြည့် တာခြေထောက်ခြင်းနှင့် ယာယီပန်းတာတည်ဆောက်ခြင်း လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက လူအင်အား၊ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နည်းပညာရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကိုဆွေးနွေးမှာကြားသည်။

ထို့အတူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သံမဏိကြိုးဆိုင်း ရေကာဆောင်ရွက်မှု၊ Floating Unit ပြုလုပ်ခြင်းလုပ်ငန်း၊ Geotextile အစများဖြင့် ကမ်းပြိုကာကွယ်ထားရှိမှု၊ ရေနက်ပိုင်း ရေစီးနှုန်းနှင့် ရေဦးထိုးမှုလျော့ကျစေရန် ဝါးသုံးချောင်းထောက် သဲအိတ်ဆွဲခြင်းနှင့် သောင်းတူးခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုးမြစ်တစ်လျှောက်ကမ်းပြိုကမ်းစားဖြစ်ပေါ်နေမှု၊ သဲသောင်များဖြစ်ပေါ်နေမှုနှင့် သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူက ချောင်းကြီးဘက် ကမ်းရင်းကပ်၍ ရေစီးဆင်းနေမှုကို ရေလမ်းကြောင်းလွှဲစေရန်နှင့် လတ်တလော ရေထုထည်စီးဆင်းစေရန် ကျွန်းဖြတ်သောင်တူးလိုင်း တူးဖော်ခြင်းကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၆ ရက်မှစတင်ကာ Backhoe Dredger ဖြင့် တူးလိုင်းအောက်ဘက်တွင် အလျား မီတာ ၁၀၀ နှင့် အလယ်တွင် အလျား မီတာ ၃၃၀၊ အကျယ် ၁၅ မီတာနှင့် ရေအနက် ၄ မီတာ တူးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် အထက်ဘက်၌ စတင်တူးဖော်ခဲ့ရာ အလျား မီတာ ၆၀ ပြီးစီးခဲ့မှု၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် Backhoe နှစ်စီးဖြင့် သောင်တူးလိုင်းတစ်လျှောက် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍ Backhoe သုံးစီး အားဖြည့်ကာ ရေစီးလမ်းကြောင်း အမြန်ပြောင်းရန် သောင်တူးလုပ်ငန်း စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ရေရှည်သောင်တူးခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက တိုးမြစ်ကမ်းပြိုမှုများ ဆက်လက်မဖြစ်ပေါ်စေရေးနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

လက်ရှိ တိုးမြစ်မြစ်ကမ်းပြိုခြင်းနှင့် ရေတိုက်စားမှုများပေါ် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်အဖွဲ့ဝင်များ၊ ရပ်ရွာပြည်သူများ ပေါင်းစပ်ညှိနှိုင်း၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရေဘေးအန္တရာယ်အတွက် စိုးရိမ်ဖွယ်ရာ အခြေအနေမရှိကြောင်း သိရသည်။ သတင်းစဉ်

# ဝါသီးနှံ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာသင်တန်း ဖွင့်လှစ်

**ဝမ်းတွင်း စက်တင်ဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ ရွှေတောင်၌ ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးနည်းပညာသင်တန်း ဖွင့်ပွဲကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက မြေတိုင်ကန်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ဝါအထူးဇုန်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးဌေးက ချည်မျှင်ရှည်ဝါပန်းတိုင်အတွက် အထွက်နှုန်းရရှိရေးနှင့် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကနေဒီထွန်းက မိုးကြို၊မိုးနှောင်း စိုက်ပျိုးထွက်ရှိမှုအခြေအနေများ တောင်သူမျိုးစေ့ထုတ်လုပ်ငန်းအား ပြည်ထောင်စုအစီအစဉ်ဖြင့် ဘုရားဖြူကျေးရွာတွင် ဧက ၄၀၊ တိုင်းဒေသကြီးအစီအစဉ်ဖြင့် မြေတိုင်ကန်းကျေးရွာတွင် ဧက ၅၀ ဆောင်ရွက်ထားရှိမှုများ မျိုးပြန်လည်စုဆောင်းမှု၊ ဖြန့်ဖြူးမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝါသီးနှံစိုက်ခင်းသို့ ကွင်းဆင်းသွားရောက်၍ သင်တန်းသားများကို စိုက်ပျိုးနည်းစနစ်များ၊ မျိုးရွေးချယ်မှု၊ ပိုးသတ်ဆေးသုံးစွဲမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် မြေတိုင်ကန်ကျေးရွာမှ တောင်သူ ၃၀ ဦးအား ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေး နည်းပညာများကို စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

(အောက်ပုံ)

အောင်ရဲကျော်



# ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ပုံကျမှုဖြစ်ပွားသည်။ အလားတူ အဆိုပါ ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂) နှင့် (၁၂/၃) ကြားရှိ စွန့်ပစ်တာ၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အလျားပေ ၁၆၀ နှင့် အနံ ၁၅ ပေခန့် ထပ်မံ၍ တာပြိုကျမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပ်ပုံပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တုတ်တန်းရိုက်၊ သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြည့်တာခြေထောက်ခြင်းနှင့် ယာယီပန်းတာတည်ဆောက်ခြင်း၊ သံမဏိကြိုးဆိုင်း ရေကာဆောင်ရွက်ခြင်း၊ Floating Unit ပြုလုပ်ခြင်းလုပ်ငန်း၊ Geotextile အစများဖြင့် ကမ်းပြိုကာကွယ်ခြင်း၊ ရေနက်ပိုင်း ရေစီးနှုန်းနှင့် ရေဦးထိုးမှုလျော့ကျစေရန် ဝါးသုံးချောင်းထောက် သဲအိတ်ဆွဲခြင်း စသည့် လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့အထိရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) အနိုင်၊ အရှုံး**

| | | |
|---|---|---|
| ဘုန်းမောက် | ၀ - ၁ | လီဗာပူး |
| လိဒ်စ် | ၀ - ၀ | ပဲလေ့စ် |
| ဖူလ်ဟမ် | ၁ - ၁ | မန်ယူ |

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)အနိုင်၊ အရှုံး**

| | | |
|---|---|---|
| ဖီအိုရင်တီးနား | ၁ - ၁ | နာပိုလီ |
| ဖရိုစီနုံ | ၂ - ၀ | ကိုမို |
| ပါးမား | ၂ - ၁ | ဂျီနိုအာ |
| ဂျူပင်တပ် | ၂ - ၀ | အတ္တလန်တာ |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) အနိုင်၊ အရှုံး**

| | | |
|---|---|---|
| ဂီတာဖေး | ၁ - ၀ | ဗယ်လက်ကာနို |
| အက်သလက်တီကို | ၂ - ၁ | ရီးရဲလ်မက်ဒရစ် |
| ဒီပိုတီဗို | ၁ - ၁ | ဘက်တစ် |
| ဗီလာရီးရဲလ် | ၃ - ၁ | လီဗန်တေး |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) အနိုင်၊ အရှုံး**

| | | |
|---|---|---|
| အော်ဇေး | ၂ - ၁ | ဘရက်စ် |
| နိစ် | ၂ - ၁ | လိုင်လီ |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)အနိုင်၊ အရှုံး**

| | | |
|---|---|---|
| လေဗာကူဆင် | ၂ - ၀ | လိုက်ပဇစ် |




## ဘာစီလိုနာအသင်းက ဆီဗီလာအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ



**ဘာစီလိုနာ စက်တင်ဘာ ၂၀**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက ဆီဗီလာအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂၂မိနစ်၊ ၅၂မိနစ်၊ ၆၉မိနစ်တို့တွင် ရာဖင်ဟာက သွင်းယူပေးခဲ့ပြီး၊ ဆီဗီလာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၁၉မိနစ်တွင် ဖိုဖာနာက သွင်းယူပေးခဲ့သည်။

စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၀ ရက်တွင် ဘာစီလိုနာအသင်းက ဂီတာဖေးအသင်းနှင့် လည်းကောင်း၊ လာမည့် အောက်တိုဘာ ၁၃ ရက် ဆီဗီလာအသင်းနှင့် လီဗန်တေးအသင်းက လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## နည်းပြ ဒီဇာဘီကို ရာထူးမှ ထုတ်ပယ်ပေးရန် စပါးအသင်းထံ ပရိသတ်များတောင်းဆို

**လန်ဒန် စက်တင်ဘာ ၂၀**

စပါးအသင်း ပရိသတ်များသည် လက်ရှိအချိန်တွင် ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြကို ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းထံသို့ တောင်းဆိုခဲ့ကြသည်။



စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ငါးပွဲကစားအပြီးတွင် အဆင့်(၁၈)နေရာ၌ ရပ်တည်နေပြီး ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ဒီဇာဘီကို ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းပရိသတ်များက တောင်းဆိုလာခြင်းဖြစ်သည်။

နည်းပြ ဒီဇာဘီသည် စပါးအသင်းကို ၂၀၂၆ ခုနှစ်၊ မတ် ၃၁ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၄ ပွဲတွင် လေးပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် အသင်းပရိသတ်များ တောင်းဆိုထားသည့်အတိုင်း နည်းပြ ဒီဇာဘီကို ရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## 2026 SP Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Kaitlin Quevedo တက်ရောက်

**ဆော်ပေါ်လို စက်တင်ဘာ ၂၀**

ဘရာဇီးနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 SP Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်မယ် Kaitlin Quevedo တက်ရောက်ခဲ့သည်။



အဆိုပါ စပိန်တင်းနစ်မယ် Kaitlin Quevedo သည် 2026 SP Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်မယ် Teodora Kostovic အား ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

2026 SP Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်မယ် Kaitlin Quevedo နှင့် ရုရှားတင်းနစ်မယ် Anna Blinkova တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(NGB)**

## ဂျွန်စတုန်း ပေါင်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ



**မီလန် စက်တင်ဘာ ၂၀**

အင်တာမီလန်အသင်း နောက်ခံကစားသမား ဂျွန်စတုန်းသည် ပေါင်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် အင်တာမီလန်အသင်းက အူဒီးနီစ်အသင်းကို ငါးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဂျွန်စတုန်း ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အင်တာမီလန်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဂျွန်စတုန်းသည် အင်တာမီလန်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ လေးပွဲကစားပြီး ခြေစွမ်းပြထားသည်။ **(အပေါ်ဝဲပုံ) (NGB)**

## အန်တိုနီနိုဂါလို လက်ချီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**တူရင် စက်တင်ဘာ ၂၀**

စီးရီးအေကလပ် လက်ချီအသင်းသည် အသင်း နောက်ခံကစားသမား အန်တိုနီနိုဂါလိုကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ချီအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၄ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ အန်တိုနီနိုဂါလိုက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(အပေါ်ဝဲပုံ) (NGB)**

## ဘွန်ဒက်လီဂါသမိုင်းတစ်လျှောက် သွင်းဂိုး ၁၀၀ အမြန်ဆုံး ပြည့်မြောက်သည့် ကစားသမားအဖြစ် ဟယ်ရီကိန်းမှတ်တမ်းဝင်




**မြူးနစ် စက်တင်ဘာ ၂၀**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘွန်ဒက်လီဂါသမိုင်းတစ်လျှောက် သွင်းဂိုး ၁၀၀ အမြန်ဆုံး ပြည့်မြောက်သည့် ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ယူနီယံဘာလင်အသင်းကို ခုနစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်လီဂါပွဲစဉ် (၉၈) ပွဲသာ ကစားပြီး ဂိုး ၁၀၀ ပြည့်မြောက်လာခြင်းဖြစ်သည်။ **(ဝဲပုံ)**

အသက်(၃၃)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "အခုလို စံချိန်မှတ်တမ်းတွေ ပိုင်ဆိုင်နိုင်လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ ဆုဖလားတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ကျွန်တော့်ကို အခုလို မှတ်တမ်းတွေ ပိုင်ဆိုင်နိုင်အောင် အကောင်းဆုံး ပံ့ပိုးပေးတဲ့ အသင်းဖော်တွေ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(NGB)**

## မာလာစီယာအား အက်ဖ်စီဆင်စင်နာတီအသင်း ခေါ်ယူ

**ဝါရှင်တန် စက်တင်ဘာ ၂၀**

မေဂျာလိဂ်ကလပ် အက်ဖ်စီဆင်စင်နာတီအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော နောက်ခံကစားသမား မာလာစီယာအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အက်ဖ်စီဆင်စင်နာတီအသင်းနှင့်အတူ တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား မာလာစီယာသည် ကစားသမားဘဝတစ်လျှောက်တွင် ဖီယင်နူ၊ မန်ယူ၊ ပီအက်စ်ဗွီ စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အက်ဖ်စီဆင်စင်နာတီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ထို့ကြောင့် မာလာစီယာအနေဖြင့် အက်ဖ်စီဆင်စင်နာတီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ဖီးလစ်အန်မီချာကို ခေါ်ယူရန် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၂၀**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့သည် ဒေါ့မွန်အသင်း ကွင်းလယ်ကစားသမား ဖီးလစ်အန်မီချာကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။ **(ယာပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၈ ပွဲကစားပြီး ၁၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းကလည်း ဖီးလစ်အန်မီချာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့အနေဖြင့် ဒေါ့မွန်အသင်းမှ ဖီးလစ်အန်မီချာကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* ချဲလ်ဆီး၊ နော်တင်ဟမ်ဖောရက်စ်နှင့် အက်စတွန်ဗီလာအသင်းတို့သည် AZ အယ်လ်ခမာအသင်း ကွင်းလယ်ကစားသမား ကီးစ်စမစ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဘင်ဖီကာအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းမှ စိတ်ဝင်စားနေသည့် အသင်းနောက်ခံကစားသမား အာရူဂျိုကို လုံးဝရောင်းချသွားမည်မဟုတ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

* ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက လိုင်ယွန်အသင်းနှင့် ရင်းနက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လိုင်ယွန်အသင်းက ရင်းနက်စ်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(NGB)**

## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အမှတ် (၈) အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူသူမောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် လူငယ်များအနေဖြင့် စာအုပ်၊ စာစောင်များကို အမြဲလေ့လာဖတ်ရှုစေလိုကြောင်း၊ စာပေကို အမြဲလေ့လာဖတ်ရှုမှသာ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ဟောပြောခဲ့သည်။



ဆက်လက်၍ စာရေးဆရာ အိုးဝေ(မြေနီကျင်း)က ယနေ့လူငယ်နှင့်အောင်မြင်မှုခေါင်းစဉ်ဖြင့် အကျယ်တဝင့် ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၅၆)**

ဝ-ဝ-ဝ-ဝ-ဝ

## အမရပူရမြို့နယ် တမုတ်ဆိုး-ကန်ရိုး-ရေဘုတ်-မုံတောလမ်းကတ္တရာလမ်းခင်းလုပ်ငန်းဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွား ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တမုတ်ဆိုး-ကန်ရိုး-ရေဘုတ်-မုံတောလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယမန်နေ့ နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း) ဦးရဲခေါင်ထွန်းက ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး)က လမ်းအရည်အသွေး ပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးဆောင်ရွက်နိုင်ရန် မှာကြားခဲ့သည်။

အဆိုပါ တမုတ်ဆိုး-ကန်ရိုး-ရေဘုတ်-မုံတောလမ်းသည် အရှည်ပေ ၀/၅ မိုင်၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အမရပူရမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး လုပ်ငန်းပြီးစီးပါက ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၁၅၅၁၊ လူဦးရေ ၇၇၇၅ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူနေမှုဘဝ တိုးတက်အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**လှဲ့လှဲ့နိုင်(အမရပူရ)**

## လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း ကျောင်းနှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန (၄၅)နှစ်မြောက် နားမကြားသောကလေးများ ကျောင်းနှစ်ပတ်လည်နေ့ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ နားမကြားသောကလေးများ ကျောင်းပင်မစာသင်ဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံး တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဆွေဆွေလင်းက အစိုးရနှင့် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးကို မြှင့်တင်ပေးရန်နှင့် မည်သူမျှ နောက်ကျမကျန်ရစ်စေရေး မူဝါဒအတိုင်း အထူးလိုအပ်ချက်ရှိတဲ့ ကလေးငယ်များကို ဘက်ပေါင်းစုံကနေ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ကလေးများအနေဖြင့်လည်း လူမှုအသိုက်အဝန်းတွင် ဝင်ဆံ့နိုင်ပြီး တိုးတက်အောင်မြင်ကြသော ကလေးများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး နားမကြားသောကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်စိုးက ကျောင်း၏ လုပ်ငန်းစဉ်များ၊ သင်ကြားရေးတိုးတက်မှုများနှင့် ကလေးများ၏ ဖန်တီးနိုင်စွမ်း စွမ်းရည်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နားမကြားသောကလေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အကတေးသီချင်းများဖြင့် တက်ရောက်လာသည့် ဧည့်သည်တော်များကို ဧည့်ခံဖျော်ဖြေကြသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး၊ ကျောင်းအကျိုးတော်ဆောင်များ၊ နားမကြားသောကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝ၆၉)**



## သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာသစ်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ဒါရိုက်တာသစ် ရွေးချယ် တင်မြှောက်ပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်က အမှာစကားနှင့် တိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ် အတွင်းရေးမှူး ဦးသိန်းမြင့်၊ ချမ်းမြသာစည် မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးချစ်ခင်တို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူသဲနွယ်က လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများ ဖတ်ကြားခြင်း၊ မြို့နယ်သမဝါယမ အသင်းစု ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာများ၊ အသင်း၏ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အမှုဆောင် ဒါရိုက်တာအဖွဲ့ ရွေးချယ်ခြင်းကို ကျင်းပရာ အသင်းဝင်တစ်ဦးက အဆိုပြုပြီး အသင်းသားနှစ်ဦးက ထောက်ခံခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့၍ အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကာ အသင်းဥက္ကဋ္ဌသစ်က မိတ်ဆက်စကားပြောကြားပြီး သဘာပတိက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) အလင်းသစ်**

## ချက်ကြမယ်၊ စားကြမယ် ကဏ္ဍ



### ကြက်သားအညာချက်

**ပါဝင်ပစ္စည်းများ**

၁။ ခရမ်းချဉ်သီး ငါးလုံး
၂။ ကြက်သွန်နီ နှစ်လုံး
၃။ ကြက်သွန်ဖြူ တစ်လုံး
၄။ စိမ်းစားငါးပိအနည်းငယ်
၅။ ငရုတ်သီးစိမ်း
၆။ နံနံပင်
၇။ ကြက်သား

ခရမ်းချဉ်သီး၊ ကြက်သွန်နီနှင့် ငရုတ်သီးစိမ်းတို့ကို ပါးပါးလှီးပါ။ ကြက်သွန်ဖြူကို ငရုတ်ဆုံနှင့်ထောင်း (သို့မဟုတ်) ဓားပြားရိုက်ထားပါ။ ကြက်သားကို ရေစင်အောင်ဆေးပြီး ပန်းကန်ထဲထည့်၍ နနွင်းမှုန့်၊ ဟင်းချိုမှုန့်(သို့မဟုတ်)သကြား၊ ဆားတို့နှင့် နယ်ပြီး နှပ်ထားပါ။

ဒယ်အိုး(သို့မဟုတ်)ဒန်အိုးကို မီးဖိုပေါ်တင်၍ ဆီ အနည်းငယ်ထည့်ပြီး ဆီကျက်လျှင် ကြက်သွန်ဖြူ ထည့်ပြီး မွှေပါ။ ထို့နောက် စိမ်းစားငါးပိနှင့် အရောင်တင်မှုန့်အနည်းငယ်ထည့်ပါ။ ပြီးလျှင် ခရမ်းချဉ်သီးထည့်ပါ။ အားလုံးကျေသွားပြီဆိုလျှင် ကြက်သားထည့်ပြီး အဖုံးကိုအုပ်ထားပါ။ ထို့နောက် ငရုတ်သီးစိမ်းနှင့် နံနံပင်ကိုထည့်ပြီး မွှေ၍ အဖုံးကို ခဏပြန်အုပ်ထားပါ။ ဒါဆိုရင်တော့ အရသာရှိပြီး စားလို့ကောင်းတဲ့ ကြက်သားအညာချက် တစ်ခွက်ရပြီပေါ့။ **AMM**

### ငါးသောက်ဆမ်း

**ပါဝင်ပစ္စည်းများ**

၁။ တီလားဗီးယား (သို့မဟုတ်) ကကတစ်ငါး
၂။ အသားမှုန့်
၃။ မန်ကျည်းမှည့်
၄။ ငါးပိစိမ်းစား
၅။ ကြက်သွန်မြိတ်
၆။ ရှမ်းနံနံ
၇။ စပါးလင်
၈။ ကြက်သွန်နီ နှစ်လုံး
၉။ ကြက်သွန်ဖြူ တစ်လုံး
၁၀။ ငရုတ်သီးစိမ်း ခုနစ်တောင့်၊ ရှစ်တောင့်



တီလားဗီးယား(သို့မဟုတ်)ကကတစ်ငါးကို အတုံးလေးများတုံး၍ နနွင်းမှုန့်၊ ဆားနှင့် ဟင်းချိုမှုန့်(သို့မဟုတ်)သကြားတို့နှင့်နယ်၍ နှပ်ထားပါ။ မန်ကျည်းမှည့်နှင့် ငါးပိစိမ်းစားကို ရေနှင့် ဖျော်ထားပါ။ ကြက်သွန်ဖြူတစ်လုံးကို ဓားပြားရိုက်ထားပါ။ ငရုတ်သီးစိမ်းကို ပါးပါးလှီးထားရပါမယ်။ ရှမ်းနံနံနှင့် ကြက်သွန်မြိတ်တို့ကိုလည်း အလောတော် လှီးဖြတ်ထားပါ။

ဦးစွာ အိုးထဲသို့ ဆီအနည်းငယ်ထည့်ပြီး ထောင်းထား၊ လှီးထားသော ကြက်သွန်ဖြူနှင့် ငရုတ်သီးစိမ်းများကို ထည့်ပြီး ဆီသတ်ပါ။ အသားမှုန့် အနည်းငယ်ထည့်ပါ။ ပြီးလျှင် ငါးထည့်ပါ။ ထို့နောက် ကြက်သွန်နီ ထည့်ပါ။ ဖျော်ထားသော ငါးပိစိမ်းစားရည်နှင့် မန်ကျည်းမှည့်ရည်တို့ကို ထည့်ပါ။ ဓားပြားရိုက်ထားသော စပါးလင်ကိုထည့်ပါ။ ပြီးလျှင် အဖုံးကိုခဏအုပ်ထားပါ။ ခဏကြာလျှင် ရှမ်းနံနံနှင့် ကြက်သွန်မြိတ်တို့ကို အပေါ်ယံမှ အုပ်လိုက်ပါ။ ဒါဆိုရင်တော့ ပြီးပြည့်စုံပြီး လျှာလည်သွားမယ့် ငါးသောက်ဆမ်းဟင်းကို စားသုံးလို့ရပါပြီ။ **AMM**

## လူထုအခြေပြုဗဟိုဌာန၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအကြောင်း အသိပညာပေး Talk Show ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မန္တလေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအကြောင်း အသိပညာပေး Talk Show ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။




အဆိုပါဆွေးနွေးပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က သွေးလွန်တုပ်ကွေးအကြောင်း၊ သွေးလွန်တုပ်ကွေးလက္ခဏာများ ဖြစ်ပေါ်လာပုံနှင့် သွေးလွန်တုပ်ကွေး မဖြစ်ပွားအောင် မည်သို့ နေထိုင်ရှောင်ကြဉ်ရမည်များကို မေးမြန်းရာ မန္တလေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး(ကျန်းမာပညာ) ဒေါ်ပွင့်ဦးအိမ်က သွေးလွန်တုပ်ကွေးရောဂါဆိုသည်မှာ Aedes ခြင်ကျား အကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်သည့်ရောဂါဖြစ်ကြောင်း၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပြီး အသက် ၁၅ နှစ်အောက်ကလေးများ၊ အထူးသဖြင့် အသက်ငါးနှစ်နှင့် ကိုးနှစ်အရွယ်ကလေးများတွင် အများဆုံး ဖြစ်ပွားနိုင်ကြောင်း၊ အသက် ၁၅ နှစ်အထက် လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်း မြင့်မားသည်ကို တွေ့ရကြောင်း၊ တစ်နှစ်ပတ်လုံး ကူးစက်နိုင်ပြီး မိုးရာသီတွင် အများဆုံး ဖြစ်ပွားနိုင်ကြောင်း၊ ခြင်ကျား၊ ပိုးလောက်လမ်းများသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နေသည့် ဘူး၊ ခွက်၊ တာယာဟောင်းတွင် ပေါက်ဖွားနိုင်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားအောင် ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ဖြင့် တားဆီးနှိမ်နင်းကာကွယ်နိုင်ကြောင်းနှင့် ရောဂါဖြစ်ပွားပါက နီးစပ်ရာဆေးခန်း၊ ဆေးရုံသို့ အမြန်ဆုံး သွားရောက်ကုသနိုင်ကြောင်း ကျန်းမာရေးဝန်ဆောင်မှုသည် ပြည်သူ့အတွက်ဝန်ဆောင်မှုသက်သက်မဟုတ်ဘဲ ပြည်သူကိုယ်တိုင် ပိုင်ဆိုင်သည့် ကျန်းမာရေးစနစ် ဖြစ်လာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(ဝဲပုံ) (ဝ၆၉)



## (၁၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၀**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)မှ ကြီးမှူးကျင်းပသော (၃၈)ဖြာမင်္ဂလာ တရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) မှ ကျောင်းသား၊ ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာ ပစ္စည်းများ လှူဒါန်းပွဲကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက မတ္တရာမြို့နယ်အတွင်းရှိ ထာဝရသုခချင်းလီဓမ္မဗိမာန်တွင် ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ လှူဒါန်းပွဲတွင် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (YMBA) ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးမြင့်ဦး၊ နေပုညသင်္ဂဟပညာရေးထောက်ပံ့အသင်းမှ အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး မင်္ဂလဓမ္မဇောတိကဓဇ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး ပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာပစ္စည်းများ လှူဒါန်းကြသည့် အလှူရှင်များနှင့် နေပုညသင်္ဂဟပညာရေးထောက်ပံ့အသင်းအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းများကို ပေးအပ်ခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာပစ္စည်းများကို ပေးအပ်ပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

## သံချောင်းဈေးကွက်တွင် ၁၀ မီလီမီတာ သံချောင်း တစ်တန် ၅၉ သိန်းခန့်ရှိပြီး ၁၂ မီလီမီတာမှာ သိန်း ၄၀ ခန့်ရှိ

**မန္တလေး စက်တင်ဘာ ၂၀**

လက်ရှိအိမ်ဆောက်ပစ္စည်းဈေးကွက်တွင် တင်သွင်းသံချောင်းဟု ရောင်းချနေသည့် ၁၀ မီလီမီတာ အမျိုးအစား သံချောင်း တစ်တန်လျှင် ၅၉ သိန်းခန့်ရှိပြီး အချင်းပိုကြီးသည့် ၁၂ မီလီမီတာ သံချောင်းမှာ တစ်တန်လျှင် သိန်း ၄၀ ခန့်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

တစ်တန်ဈေးနှုန်းကိုသာ နှိုင်းယှဉ်ပါက ၁၂ မီလီမီတာ သံချောင်းက ပိုမိုဈေးသက်သာသော်လည်း သံချောင်းရွေးချယ်ရာတွင် တစ်တန်အတွင်းရရှိသည့် သံချောင်းအရှည်၊ အရွယ်အစားနှင့် ခံနိုင်ရည်အဆင့်တို့ကိုပါ တွဲဖက်တွက်ချက်ရန် လိုအပ်သည်။

၁၂ မီလီမီတာအရှည်ရှိ သံချောင်းများအဖြစ် တွက်ချက်ပါက ၁၀ မီလီမီတာ သံချောင်း တစ်တန်တွင် ၁၃၅ ချောင်းခန့်နှင့် ၁၂ မီလီမီတာ သံချောင်း တစ်တန်တွင် ၈၈ ချောင်းခန့် ပါဝင်သဖြင့် တစ်တန်လျှင်ရရှိသည့် စုစုပေါင်းအရှည်မှာ ၁၀ မီလီမီတာ သံချောင်းဘက်က ၁၂ မီလီမီတာထက် ၁ ဒသမ ၅ ဆခန့် ပိုများသည်။



ထို့အပြင် အဆိုပါသံချောင်းနှစ်မျိုး၏ သံအရည်အသွေးအဆင့်မှာ ၅၀၀ နှင့် ၄၀၀ ဖြစ်သဖြင့် သံ၏ အထွက်ခံနိုင်ရည်အားအရ ၅၀၀ အဆင့်သည် ၄၀၀ အဆင့်ထက် ၁ ဒသမ ၂၅ ဆရှိသည်။

ထို့ကြောင့် သံချောင်းဝယ်ယူရာတွင် တစ်တန်ဈေးနှုန်းတစ်ခုတည်းကို အခြေခံ၍ ရွေးချယ်ခြင်းထက် သံချောင်းအရွယ်အစား၊ တစ်တန်လျှင် ရရှိသည့် စုစုပေါင်း အရှည်၊ သံအရည်အသွေးအဆင့်နှင့် ခံနိုင်ရည်အားတို့ကို တွဲဖက်တွက်ချက်ရန် လိုအပ်သည်။

လက်ရှိဈေးကွက်တွင် တင်သွင်းသံဟု ရောင်းချနေသည့် သံချောင်းများနှင့် ပြည်တွင်းထုတ်ကုန်များ ရောနှောရောင်းချနေမှုများရှိသဖြင့် ဝယ်ယူသူများအနေဖြင့် သံချောင်း၏ ထုပ်ပိုးပုံကို သာကြည့်၍ မူရင်းထုတ်ကုန်ဖြစ်၊ မဖြစ် ခွဲခြားရန် မလုံလောက်နိုင်ကြောင်း သိရသည်။

ထို့ကြောင့် သံချောင်းဝယ်ယူရာတွင် ထုတ်လုပ်သူအမည်၊ အရှည်အသွေးအဆင့်၊ သံအရှည် အသွေးဆိုင်ရာ အထောက်အထားများနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို စိစစ်ပြီးမှ ဝယ်ယူသင့်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဈေးကွက်အတွင်းမှ သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားဆွေးနွေးပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ၊ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး(မြို့နယ်အဆင့်) ဆင့်ပွားဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ၈၆ လမ်းနှင့် ၂၄ လမ်းထောင့်ရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ ဉာဏခန်းမ၌ ကျင်းပရာ အောင်မြေသာစံခရိုင် ပညာရေးမှူး ဦးသိန်းဒန်က အမှာစကားပြောကြားသည်။



ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်သီတာငွေက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များအကြောင်းနှင့် သင်တန်းပို့ချရခြင်း ရည်ရွယ်ချက်များ၊ သင်တန်း စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီးနောက် သင်တန်းကို ဆက်လက်ပို့ချခဲ့ကြသည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေးဆွေးနွေးပွဲကို စက်တင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပြုလုပ်မည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ အထက်တန်းပြဆရာ၊ ဆရာမ ၅၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## မန္တလေးကုန်စည်ဒိုင်တွင် ပဲပုပ်ဈေးကွက် အရောင်းအဝယ်အေး

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးကုန်စည်ဒိုင်တွင် စက်တင်ဘာလ ဒုတိယပတ်အတွင်း ပဲပုပ်ဈေးကွက်၌ အရောင်းအဝယ်အေးလျက်ရှိပြီး ပဲပုပ်(ဗမာ)မှာ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဆက်လက်တည်ငြိမ်နေသော်လည်း ပဲပုပ်(ရှမ်း)မှာ ယခင်တစ်ပတ်ထက် ဈေးနှုန်းအနည်းငယ်ကျဆင်းလာသည်။

ပဲပုပ်(ဗမာ) ၅၃ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ငွေကျပ် ၄၁၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်တစ်ပတ်ကလည်း ငွေကျပ် ၄၁၀၀၀၀ ဖြစ်သဖြင့် ဈေးနှုန်းအပြောင်းအလဲမရှိကြောင်း သိရသည်။

သို့သော် ပဲပုပ်(ဗမာ)၏ လက်ရှိဈေးနှုန်းသည် ယခင်လက ငွေကျပ် ၄၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ခြင်းကြောင့် ယခင်လနှင့် နှိုင်းယှဉ်ပါက တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ခန့် ဈေးကျဆင်းလာသည်။ **(အောက်ပုံ)**

ပဲပုပ်(ရှမ်း) ၅၃ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ငွေကျပ် ၃၈၅၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်က ငွေကျပ် ၃၉၀၀၀၀ ဖြစ်သဖြင့် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဈေးကျဆင်းလာသည်။

ယခင်လကလည်း ငွေကျပ် ၃၈၅၀၀၀ ဖြစ်သဖြင့် လက်ရှိဈေးနှုန်းနှင့် အပြောင်းအလဲမရှိကြောင်း သိရသည်။

ထို့ကြောင့် စက်တင်ဘာလ ဒုတိယပတ် ပဲပုပ်ဈေးကွက်အခြေအနေမှာ အရောင်းအဝယ်အေးလျက်ရှိပြီး ပဲပုပ်(ဗမာ)မှာ ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း တည်ငြိမ်နေကာ ပဲပုပ်(ရှမ်း)မှာ ယခင်တစ်ပတ်ထက် အနည်းငယ်ဈေးကျဆင်းလာသော်လည်း ယခင်လ ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တည်ငြိမ်နေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)



# လျှပ်စစ်ကားများအကြောင်း တစေ့တစောင်း(၁)

လျှပ်စစ်ကားဆိုသည်မှာ လောင်စာစွမ်းအင်ကို ဓာတ်ဆီ၊ ဒီဇယ်၊ ဓာတ်ငွေ့များ အသုံးမပြုဘဲ လျှပ်စစ်စွမ်းအင်ကိုသာ အသုံးပြုပြီး မောင်းနှင်ရသော မော်တော်ကားကို ခေါ်ဆိုသည်။ ၁၈၈၁ ခုနှစ်၊ နိုဝင်ဘာလတွင် ပြင်သစ်တီထွင်သူ ဂူစတော့ဗ် ထရောင်ဗီ (Gustave Trouvé) မှ ပထမဆုံး လျှပ်စစ်ဓာတ်အားကို သုံး၍ အလုပ် လုပ်သော သုံးဘီးမော်တော်ကားကို သရုပ်ပြခဲ့သည်။ ပဲရစ်တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ လျှပ်စစ်ပြပွဲတွင် ဖြစ်သည်။ ယခုအခါ လျှပ်စစ်ကားကို နိုင်ငံအများအပြားမှ ထုတ်လုပ်လျက်ရှိသည်။ လျှပ်စစ်ကားသည် အိတ်ဇောပိုက်မှ မီးခိုးမထွက်ပေ။ မီးခိုးမထွက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အလွန်အရေးပါသည်။

### ၁၉ ရာစု အစောပိုင်းအစကာလများ

ဘက်ထရီအားသုံး ကားများ၏ ဇာတ်လမ်းသည် ၁၈၀၀ ပြည့်နှစ် အစောပိုင်းနှစ်များဆီသို့ ပြန်သွားပါသည်။ ၁၈၂၈ ခုနှစ်တွင် Ányos Jedlik ဟုခေါ်သော ဟန်ဂေရီအင်ဂျင်နီယာတစ်ဦးသည် အခြေခံလျှပ်စစ်မော်တာဖြင့် မောင်းနှင်သည့် မော်ဒယ်လ်ယာဉ်ငယ်ကို တီထွင်ခဲ့သည်။ ဤအစောပိုင်းတီထွင်မှုသည် မော်တော်ယာဉ်များ မောင်းနှင်ရန်အတွက် လျှပ်စစ်စွမ်းအား၏ အလားအလာကို ပြသခဲ့ပြီး အနာဂတ်ဆန်းသစ်တီထွင်မှုများအတွက် အဆင့်သတ်မှတ်ပေးခဲ့သည်။ Jedlik ၏မော်တာသည် ယနေ့ခေတ် အင်ဂျင်များနှင့် နှိုင်းယှဉ်ပါက အလွန်ရိုးရှင်းသော်လည်း ၎င်းသည် မော်တော်ကားများကို ရွေ့လျားရန်အတွက် လျှပ်စစ်ကို အသုံးပြု၍ တော်လှန်သော စိတ်ကူးတစ်ခု၏ အစဖြစ်သည်။

၁၈၃၀ ပြည့်နှစ်များသည် လျှပ်စစ်ကားနည်းပညာကို တီထွင်ရန် အဓိကအချိန်ဖြစ်သည်။ စကော့တလန်တီထွင်သူ Robert Anderson သည် အားပြန်မသွင်းနိုင်သော ဘက်ထရီများဖြင့် မောင်းနှင်သည့် ပထမဆုံး လျှပ်စစ်ရထားကို ဖန်တီးခဲ့သည်။ အခြေခံဖြစ်သော်ငြားလည်း ဤရထားလမ်းသည် လျှပ်စစ်ဓာတ်အား သယ်ယူပို့ဆောင်ရေးအတွက် လုပ်ဆောင်နိုင်ကြောင်း သက်သေပြခဲ့သည်။ တစ်ချိန်တည်းမှာပင် အမေရိကန် ပန်းပဲသမား Thomas Davenport သည် ဘက်ထရီစွမ်းအင်သုံးစက်ခေါင်းငယ်တစ်ခုကို တည်ဆောက်ခဲ့ပြီး လျှပ်စစ်စွမ်းအား၏ ဖြစ်နိုင်ခြေကို ပိုမိုသရုပ်ပြခဲ့သည်။ Davenport ၏ တီထွင်မှုသည် အနာဂတ် လျှပ်စစ်ရထားများနှင့် လမ်းတွဲများအတွက် လမ်းခင်းပေးခဲ့ပြီး လျှပ်စစ်မော်တာများကို နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုနိုင်ကြောင်း ပြသခဲ့သည်။

အဆိုပါကာလ၌ အခြားအရေးကြီးသည့် အောင်မြင်မှုများလည်း ရှိခဲ့ပါသည်။ ၁၈၃၄ ခုနှစ်တွင် အမေရိကန် ဓာတုဗေဒပညာရှင် Moritz Hermann von Jacobi သည် လျှပ်စစ်လှေငယ်တစ်စင်းအား အားပြန်သွင်းနိုင်သော ဘက်ထရီကို အသုံးပြုခဲ့သည်။ သယ်ယူပို့ဆောင်ရေးတွင် လျှပ်စစ်နည်းပညာအတွက် ဖြစ်နိုင်ခြေအသစ်များကို ဖွင့်လှစ်ပေးသည့် လက်တွေ့လမ်းညွှန်မှုတွင် မည်သူမဆို လျှပ်စစ်ဓာတ်အားကို ပထမဆုံးအကြိမ် အသုံးပြုခဲ့ခြင်းလည်း ဖြစ်သည်။ ၁၈၅၉ ခုနှစ်တွင် ပြင်သစ်တီထွင်သူ Gaston Planté သည် EV များ၏ အနာဂတ်အတွက် ယုံကြည်စိတ်ချရသော စွမ်းအင်အရင်းအမြစ်ကို ပံ့ပိုးပေးသည့် ပထမဆုံး လက်တွေ့ကျသော ခဲ-အက်စစ်ဘက်ထရီကို တီထွင်ခဲ့သည်။

### လျှပ်စစ်ကားများ၏ ရွှေခေတ်

၁၉ ရာစုနှောင်းပိုင်းတွင် လျှပ်စစ်ကားများကို ပိုမိုအာရုံစိုက်လာကြသည်။ ၁၈၈၁ ခုနှစ်တွင် ပြင်သစ်တီထွင်သူ Gustave Trouvé သည် ပါရီမြို့ရှိ International Electricity Exhibition တွင် သုံးဘီးတပ် EV ကို မိတ်ဆက်ခဲ့သည်။ ဤဖြစ်ရပ်သည် လျှပ်စစ်ကားများကို မီးမောင်းထိုးပြပြီး ရေနွေးငွေ့နှင့် ဓာတ်ဆီအင်ဂျင်များထက် ၎င်းတို့၏ အလားအလာကောင်းများကို ပြသခဲ့သည်။

### ဆန်းသစ်တီထွင်မှုနှင့် စမ်းသပ်မှု

၁၈၈၈ ခုနှစ်တွင် ပြင်သစ်တီထွင်သူ Gustave Trouvé သည် ၎င်း၏ ဆန်းသစ်သော ဒီဇိုင်းနှင့် ကောင်းမွန်သော စွမ်းဆောင်ရည်ဖြင့် အာရုံစိုက်မှုများစွာရရှိစေသည့် ပထမဆုံးလေးဘီးတပ် လျှပ်စစ်ကားကို ဖန်တီးခဲ့သည်။ အဲ့ဒီနှစ်မှာပဲ ဂျာမန်အင်ဂျင်နီယာ Andreas Flocken က ပထမဆုံး လျှပ်စစ်ကားကို ဂျာမနီနိုင်ငံ Coburg မှာ လူသိရှင်ကြား စမ်းသပ်ခဲ့ပါတယ်။ ဤအစောပိုင်းတီထွင် ဆန်းသစ်မှုများနှင့် စမ်းသပ်မှုများသည် လျှပ်စစ်ကားလုပ်ငန်းအတွက် အခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုများကို ဖွင့်လှစ်ပေးခဲ့ပြီး ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်ပေးခဲ့သည်။

အမေရိကတွင် လျှပ်စစ်ကားများသည် လျင်မြန်စွာ ဆွဲငင်လာခဲ့သည်။ ၁၈၉၉ ခုနှစ်တွင် William Morrison သည် Iowai Des Moines တွင် လျှပ်စစ်ကားတစ်စီးကို တည်ဆောက်ခဲ့သည်။ သူ၏ ကားသည် အားပြန်သွင်းနိုင်သော ဘက်ထရီများကို အသုံးပြုထားပြီး မိုင် ၂၀ ကျော် မောင်းနှင်နိုင်ကာ အမြင့်ဆုံးမြန်နှုန်း တစ်နာရီလျှင် ၆ မိုင်မှ ၈ မိုင်အထိ မောင်းနှင်နိုင်ခဲ့သည်။ Morrison ၏ ကားသည် လူစိတ်ဝင်စားမှုများစွာရရှိခဲ့ပြီး အခြားထုတ်လုပ်သူများကိုလည်း လျှပ်စစ်ကားများ ထုတ်လုပ်ရန် လှုံ့ဆော်ပေးခဲ့သည်။

### စီးပွားဖြစ်အောင်မြင်မှု

၂၀ ရာစုအစောပိုင်း၌ မြို့ပြအသွင်ကူးပြောင်းမှုဖြစ်စဉ်သည် မြို့ပြဒေသများတွင် လျှပ်စစ်ကားများ ကျယ်ကျယ်ပြန့်ပြန့် လက်ခံမှုကို တွန်းအားပေးခဲ့သည်။ Baker Electric၊ Columbia နှင့် Detroit Electric ကဲ့သို့သော ကုမ္ပဏီများသည် ထွန်းသစ်စ



Jedlik's electric-car in 1828, Hungary
(Museum of Hungarian Electrical Engineering)

ဈေးကွက်တွင် ခေါင်းဆောင်များအဖြစ် ပေါ်ထွက်လာပြီး လျှပ်စစ်ကားလုပ်ငန်း၏ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးလျက်ရှိသည်။

### ဒက်ထရွိုက် လျှပ်စစ်ကားကုမ္ပဏီ

၁၉၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၎င်းသည် ၎င်း၏ခေတ်တွင် အအောင်မြင်ဆုံး လျှပ်စစ်ကားထုတ်လုပ်သူ ဖြစ်လာခဲ့သည်။ ၎င်းတို့၏ ကားများသည် တစ်ကြိမ်အားသွင်းရုံဖြင့် မိုင် ၈၀ အထိ သွားလာနိုင်ပြီး Clara Ford၊ Henry Ford နှင့် Thomas Edison တို့ကဲ့သို့ ထင်ရှားသော ပိုင်ရှင်များကို ဆွဲဆောင်နိုင်မည်ဖြစ်သည်။ ကုမ္ပဏီသည် လျှပ်စစ်ကားအစီးရေ ၁၃၀၀၀ ခန့်ကို ထုတ်လုပ်ခဲ့ပြီး ထိုခေတ်က လျှပ်စစ်ကားများ အများဆုံးထုတ်လုပ်သူ ဖြစ်လာခဲ့သည်။

### ကိုလံဘီယာလျှပ်စစ်ယာဉ်ကုမ္ပဏီ

Pope Manufacturing Company ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် Columbia သည် ၁၉ ရာစုနှောင်းပိုင်းတွင် ဈေးကွက်သို့ ဝင်ရောက်ခဲ့ပြီး အစောပိုင်း လျှပ်စစ်ကားလုပ်ငန်းတွင် အရေးပါသော ကစား သမားတစ်ဦး ဖြစ်လာခဲ့သည်။ ၎င်းတို့သည် ပြေးလမ်းများ၊ ရထားများ၊ အငှားယာဉ်များ အပါအဝင် လျှပ်စစ်ကားမျိုးစုံကို ထုတ်လုပ်ခဲ့သည်။ ၁၉၀၀ ပြည့်နှစ်တွင် Columbia လျှပ်စစ်ကားများသည် United States တွင် ရောင်းအားအကောင်းဆုံးဖြစ်ခဲ့ပြီး အထူးသဖြင့် လျှပ်စစ်တက္ကစီများ အလွန်ရေပန်းစားသော New York လို မြို့ကြီးများတွင် ဖြစ်သည်။

**Baker Motor Vehicle ကုမ္ပဏီ၊ Baker** သည် ၁၈၉၉ ခုနှစ်တွင် Cleveland၊ Ohio တွင် တည်ထောင်ခဲ့ပြီး၊ Baker သည် အရည်အသွေးမြင့် လျှပ်စစ်ကားများကို ထုတ်လုပ်သည့်အတွက် ကျော်ကြားခဲ့သည်။ ၎င်းတို့၏ ကားများသည် ဖိမ်ခံကာ နည်းပညာအဆင့်မြင့်သည်ဟု ယူဆကြပြီး ချမ်းသာသောဖောက်သည်များကို ဆွဲဆောင်နိုင်ခဲ့သည်။ Baker သည် ဈေးကွက်တွင် ၎င်း၏ ရပ်တည်ချက်ကို ခိုင်မာစေမည့် နာမည်ကျော် Baker Electric အပါအဝင် လျှပ်စစ်ကား ထောင်ပေါင်းများစွာကို ထုတ်လုပ်ခဲ့သည်။

### လူမှုယဉ်ကျေးမှုအပေါ် သက်ရောက်မှု

ထိုအချိန်က ကားတစ်စီးပိုင်ဆိုင်ခြင်းသည် ချမ်းသာမှုနှင့် ဂုဏ်သိက္ခာ၏ လက္ခဏာတစ်ခုဖြစ်ပြီး လျှပ်စစ်ကားများသည် အထူးကောင်းမွန်ပြီး သန့်ရှင်းသပ်ရပ်မှုဟု မြင်ကြသည်။ စတိုင်လ်ကျသော အမျိုးသမီးများစွာသည် ၎င်းတို့၏ အဝတ်အစားများကို ညစ်ညမ်းခြင်းမရှိ၊ အနံ့အသက်မထွက်ဘဲ နှင့် ခက်ခဲသော ဂီယာပြောင်းရန် မလိုအပ်သောကြောင့် EV များကို နှစ်သက်ကြသည်။ လျှပ်စစ်ကားများသည် ဆူညံသံမရှိသလောက် ယုံကြည်စိတ်ချရသော၊ ထိရောက်သော သယ်ယူပို့ဆောင်ရေးကို ပံ့ပိုးပေးသောကြောင့် ၎င်းတို့သည် မြို့ပြဘဝအတွက် စံပြဖြစ်စေသည်။

### လျှပ်စစ်ကားများ၏ ကျဆင်းမှု

ကနဦးတွင် လူကြိုက်များလာခဲ့သော်လည်း လျှပ်စစ်ကားများသည် ၁၉၂၀ ပြည့်နှစ်၌ မြေပြင်တွင် ပျောက်ဆုံးသွားခဲ့သည်။ Henry Ford သည် ဓာတ်ငွေ့သုံးကားများ၊ အထူးသဖြင့် Model T ကို ပိုမိုဈေးသက်သာစွာဖြင့် သာမန်လူများအတွက် တတ်နိုင်စေခဲ့သည်။ ကြီးမားသော ရေနံသိုက်များနှင့် ပိုမိုကောင်းမွန်သော လမ်းများကို ရှာဖွေတွေ့ရှိခြင်းသည် ဂတ်စ်ကားများကို ပိုမိုအဆင်ပြေစေသည်။ ဓာတ်ဆီဆိုင်များ နေရာတိုင်းတွင် ပေါ်လာပြီး ဆီအမြန်ဖြည့်ခြင်းသည် ဓာတ်ဆီကားများ ခေတ်စားလာရခြင်း၏ အဓိကအကြောင်းအရင်းများ ဖြစ်လာခဲ့သည်။

ထိုအချိန်တွင် လျှပ်စစ်ကားနည်းပညာ တိုးတက်မှု နှေးကွေးလာသည်။ အားထုတ်မှုအများစုသည် ဓာတ်ငွေ့သုံးကားများကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခဲ့ပြီး ပို့ဆောင်ရေးထရပ်ကားများနှင့် မြို့တွင်းပို့ဆောင်ရေးယာဉ်များကဲ့သို့ သီးခြားအသုံးပြုမှုအတွက် လျှပ်စစ်ကားများကို အဓိကထားခဲ့သည်။ ဘက်ထရီနည်းပညာသည် တိုးတက်မှုများစွာမတွေ့ရဘဲ ဘက်ထရီများလေးလံပြီး ဝေးဝေးမသွားနိုင်သဖြင့် ခရီးရှည်များအတွက် EV များကို ကောင်းစွာသုံး၍ မရနိုင်ခဲ့ပါ။ သို့သော်လည်း ဤကာလအတွင်း EV များ ကျဆင်းမှုသည် သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့မှုအပေါ် ဆိုးရွားသော သက်ရောက်မှုများရှိခဲ့သည်။ ဂတ်စ်ကားများ လမ်းမပေါ်ကို ရောက်လာသည်နှင့် အမျှ လေထုညစ်ညမ်းမှုနှင့် ကာဗွန်ထုတ်လွှတ်မှု ပိုဆိုးလာကာ သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးအတွက် ထိခိုက်မှုများ ဖြစ်လာခဲ့သည်။

ကိုစုံ(ပုသိမ်)

---



## ကျွန်းလှမြို့နယ်၌ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေး၊ ဆေးကုသမှုဆောင်ရွက်

**ကျွန်းလှ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအား ကျန်းမာရေး အခမဲ့စမ်းသပ်စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် သောကြာနေ့တိုင်း မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်ကြသည့် သက်ကြီးဘိုးဘွားများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးက ကြီးကြပ်၍ သူနာပြုဆရာ၊ ဆရာမများက သွေးပေါင်ချိန်ခြင်း၊ သွေးချို၊ ဆီးချို စစ်ဆေးပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၀)

*-*-*-*-*-*-*

## အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း ကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၂၀**

ကျောင်းသား၊ ကျောင်းသူ လူငယ်များ စာကောင်းပေမွန်များ ရွေးချယ်ဖတ်ရှုခြင်းဖြင့် အသိပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာစာ၊ မြန်မာစကားဝေါဟာရကြွယ်ဝကျွမ်းကျင်မှုရှိလာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်၊ စိတ်နှလုံး ခံစားမှုအရည်အသွေးမြင့်မားစေရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက အမြဲမပြတ် လေ့လာသင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show) ကို မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က အမြဲမပြတ် လေ့လာသင့်ယူရေး စကားဝိုင်း (Never Stop Learning Talk Show) ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ဆရာ နန္ဒာသိန်းဇံ ရေးသားသည့် ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း စာအုပ်ဖြင့် စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး အခြေခံပညာအလယ်တန်းကျောင်း(မြို့မ) Grade-8 ကျောင်းသူများဖြစ်သည့် မစုသက်ထားနွယ်က စာအုပ်၏ စာပေအမျိုးအစား၊ စာရေးသူမှ ရေးသားခဲ့သည့် အခြားသော စာအုပ်၊ စာပေများနှင့် စာအုပ်၏အနှစ်ချုပ်ကိုလည်းကောင်း၊ မချစ်သဲနန္ဒာက စာအုပ်ဖတ်ရှုရခြင်းဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများအကြောင်း၊ မမိုးမီမီကိုက စာအုပ်မှ အမိက မှတ်သားမိခဲ့သည့် အကြောင်းအရာများအကြောင်း၊ မစန်းသော်တာထွန်းက စာအုပ်၏အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ချက်များအကြောင်း သိမှတ်ဖွယ်ရာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စကားဝိုင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)မှ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိုလ်သနိုးမြေ)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်များ ငှားရမ်းပေး

**မိုင်းခုတ် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေးခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ထွေ/အုပ်ရုံးသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သုတ၊ ရသ စာအုပ်ပေါင်း ၅၀ ကို သယ်ဆောင်၍ ထွေ/အုပ်ရုံးရှိ စာဖတ်ပရိသတ်များထံမှ ယခင်ငှားရမ်းထားသော စာအုပ်၊ စာစောင်များ အပ်နှံမှုကို လက်ခံခြင်း၊ စာအုပ်၊ စာစောင် အသစ်များ ထပ်မံငှားရမ်းပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုင်းခုတ်မြို့ ရုံးအနေဖြင့် လူငယ်၊ လူရွယ်များ၊ စာပေဝါသနာရှင်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်၊ စာဖတ်သည့် အလေ့အထများ ရရှိစေရန်နှင့် စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်းဖတ်ရှုနိုင်ခြင်းမရှိသည့် စာဖတ်ပရိသတ်များ အဆင်ပြေစွာ ငှားရမ်းဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ




## လူထုအခြေပြုပဟိုဌာနနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယုသင်းက အသိပညာပေးဟောပြောပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်းကို ဟောပြောခဲ့ပြီး ကျောက်ဆည်မြို့မ စခန်းမှ ဒုတိယရဲအုပ် ဖြိုးဇာခြည်ဝင်းက သက်ငယ်မုဒိမ်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဒေါ်ဇာဇာစိမ်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်နှင်းနှင်းသူက HIV/AIDS ရောဂါများအကြောင်း အသီးသီး ဟောပြောခဲ့ကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## လေ့ပြိုင်ပွဲ

* မိုးရာသီ တော်သလင်း
ပဇ္ဇုန်မင်း မာန်ဟုန်ဆင်
မြစ်ပြင်တွင် ညင်းလေဖြူး
သော့မြူးလို့ပင် ။
ရှုတိုင်းပ ရေဇလာတွင်
ဖျာအသွင် ပြန့်ပြန့်ပြူး
မြူးထူးစွာ မြစ်ယံကမ်း
ဝေ့ယမ်းလွန့်လူး ။

* သည်အချိန် သည်ကာလ
ဆင်နွှဲကြ မြစ်ယံဆီ
ပွဲရာသီ လေ့ပြိုင်ခြင်း
ခင်းကျင်းခါမီ ။
လှိုင်းလေတို့ ငြိမ်သက်သည်
ချိန်ချက်ညီ လှော်ခတ်ကြ
ပန်းဝင်သူ ပထမစွဲ
အောင်ပွဲတွေရ ။

* ကနက္ကဒဏ် နန်းရွှေထီး
ပြိုင်ပွဲကြီး စတင်ကာ
တပ်တော်ဝင် လေ့လှော်သား
အင်အားဖြည့်တာ
တိုင်းပြည်ကို ကာကွယ်ရာ
ညီညာစွာ စုစည်းထား
စွမ်းနိုင်သူ တပ်တော်သား
တိုင်းပြည်ခွန်အား ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**

## အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**လှိုင်ကော် စက်တင်ဘာ ၂၀**

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ကယားပြည်နယ်၊ လှိုင်ကော်မြို့၊ မင်းစုရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ‘ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှ စတင်စို့’ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ‘ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှ စတင်စို့’ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၆ ဦး၊ စုစုပေါင်း ၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။



အဆိုပါ ကျောင်းသား၊ ကျောင်းသူများ ယှဉ်ပြိုင်နေမှုအား ကယားပြည်နယ် ပညာရေးမှူး ဒေါ်တင်တင်အေး၊ လှိုင်ကော်မြို့နယ် ပညာရေးမှူး ဒေါ်မူမူမြင့်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဗထူးတင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၆၈)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ပြည်သူ့ဆေးရုံ၌ အသက်(၈၅)နှစ်အထက် အဘိုး၊ အဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့ဆေးကုသပေး

**ကံမ စက်တင်ဘာ ၂၀**

အသက်(၈၅)နှစ် အထက် အဘိုးအဘွားများနှင့် ပင်စင်စား အငြိမ်းစားဝန်ထမ်းများအား ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါများ စစ်ဆေးပေးခြင်းကို သရက်ခရိုင်၊ ကံမမြို့ ပြည်သူ့ဆေးရုံ၌ ယမန်နေ့ နံနက် ၁၀ နာရီက အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့သည်။

ထိုသို့ စစ်ဆေးကုသရာတွင် ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့်ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ



သက်ဦးဟန် ဦးဆောင်၍ လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေး ဆရာမများက အခမဲ့စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**

*-*-*-*-*-*-*



## မန္တလေးတက္ကသိုလ်ဓမ္မာရုံဝင်းအတွင်းရှိ မြရတနာစူဠာမဏိ ဆုတောင်းပြည့်စေတီတော် ထီးတော်တင်ပွဲ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတက္ကသိုလ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော တက္ကသိုလ်ဓမ္မာရုံ၊ သိမ်၊ အရိုးအိုးစေတီနှင့် ဆုတောင်းပြည့်စေတီတို့အား ရှေးမူမပျက်ပြုပြင်မွမ်းမံလျက်ရှိရာ မန္တလေးတက္ကသိုလ်ဓမ္မာရုံ၊ သိမ်နှင့် မြရတနာစူဠာမဏိဆုတောင်းပြည့်စေတီတော်တို့ ပြုပြင်ပြီးစီးခဲ့သည်။

ရှေးမူမပျက်ပြုပြင်ပြီးစီးသွားသော မြရတနာစူဠာမဏိ ဆုတောင်းပြည့်စေတီတော် စိန်ဖူးတော်၊ ထီးတော်တင်လှူပူဇော်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ထီးတော်တင်လှူပူဇော်မည်ဖြစ်ရာ မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ဖိတ်ကြားထားသည်။

မန္တလေးတက္ကသိုလ်ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို စက်တင်ဘာ ၂၇ရက် နံနက် ၈ နာရီတွင် မန္တလေးတက္ကသိုလ်ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ပြီး ပြုပြင်ပြီးစီးသွားသော ရှေးဟောင်းစေတီများ ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားနှင့် ရေစက်သွန်းချ အမျှဝေ၍ တက်ရောက်လာသော ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## မွေးနေ့အထိမ်းအမှတ် အလှူငွေနှင့် စာအုပ်များ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးမြို့နေ စာရေးဆရာ မြတ်လင်းသူ၏ (၇၆)နှစ်မြောက် မွေးနေ့အဖြစ် အလှူငွေနှင့်စာအုပ်များ လှူဒါန်းပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မြို့မစာကြည့်တိုက်နာယက ဦးထွန်းခင်၊ မာဃိန္ဒ(ပုသိမ်ကြီး) နေအိမ်၌ ကျင်းပရာ မြို့မစာကြည့်တိုက် ဥက္ကဋ္ဌ ဦးလှရွှေ၊ အတွင်းရေးမှူး ဦးညွန့်လှိုင်နှင့် အဖွဲ့ဝင်များ၊ စာရေးဆရာများ တက်ရောက်ကြသည်။

အစီအစဉ်အရ စာရေးဆရာ မြတ်လင်းသူက မွေးနေ့အမှတ်တရအဖြစ် အသစ်ပြန်လည်တည်ဆောက်နေသော မြို့မစာကြည့်တိုက်အတွက် အလှူငွေကျပ် နှစ်သိန်းနှင့် စာအုပ်မျိုးစုံ ၇၆ အုပ်၊ စွယ်စုံကျမ်းကြီး သုံးအုပ်တို့ကို လှူဒါန်းရာ မြို့မစာကြည့်တိုက် ဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ဆေးကုသမှုခံယူနေသော စာရေးဆရာ မာဃိန္ဒ (ပုသိမ်ကြီး)အတွက် ဆေးကုသစရိတ် ငွေကျပ် တစ်သိန်း ပေးအပ်ခဲ့သည်။ ထို့နောက် ဦးမြအောင်က မြို့မစာကြည့်တိုက်နှင့် စာရေးဆရာမာဃိန္ဒ (ပုသိမ်ကြီး)အတွက် အလှူငွေကျပ်



တစ်သိန်းစီ လှူဒါန်းခဲ့သည်။ ဆက်လက်၍ စာရေးဆရာမာဃိန္ဒ(ပုသိမ်ကြီး)နှင့် ဥက္ကဋ္ဌတို့က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၁)

## ကချင်ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တွေ့ဆုံပွဲကျင်းပ၊ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**မြစ်ကြီးနား စက်တင်ဘာ ၂၀**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်မီးသတ်ဦးစီးဌာနရုံးတွင် စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီခွဲက ပြည်နယ်၊ ခရိုင်၊ မြို့နယ် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တွေ့ဆုံဆွေးနွေးခြင်း၊ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက မီးသတ်ဦးစီးဌာန၏ ရှေ့လုပ်ငန်းစဉ်များနှင့် မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်မိသားစုဝင်များအား ဆန်၊ ငါးခြောက်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ) (၀၅၇)







## Sunflower International School မှ ကြက်ခြေနီကြီးကြပ်မှု ကော်မတီသို့ အလှူငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ Sunflower International School ရှိ Year 10, Year 11 နှင့် Student Council မှ ကျောင်းသား၊ ကျောင်းသူများက အလှူငွေလှူဒါန်းပွဲကို စက်တင်ဘာ ၁၈ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

Sunflower International School လူမှုကရုဏာရှိ Year 6 မှ Year 11 အထိ ကျောင်းသား၊ ကျောင်းသူများနှင့် Student Council မှ ဘေးဒုက္ခကျရောက်နေသည့် ပြည်သူလူထုအတွက် လူမှုကရုဏာလုပ်ငန်းများ လုပ်ဆောင်ရန် ရည်ရွယ်၍ 'ရန်ပုံငွေရှာဖွေခြင်း'ကို ဆောင်ရွက်ခဲ့ရာမှ ရရှိလာသည့် ရန်ပုံငွေများအနက်မှ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ငွေကျပ်သိန်း ၃၀ ကို လှူဒါန်းခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတိုင်းတပ်ဖွဲ့မှူး ဦးအောင်သူဝင်းတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၇၀)

## သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသူတစ်ဦးအား ထောက်ပံ့ငွေပေးအပ်



**တောင်တွင်းကြီး စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် တရုပ်ကောအုပ်စု၊ ရွာလေးကုန်းကျေးရွာ၌ ယမန်နေ့က ကျေးရွာ၏ အနောက်ဘက် လယ်ကွင်းများအား ရေသွင်းနေစဉ် မိုးကြိုးပစ်ခံရသည့်အတွက် ရွှေအိုး(၁)ရပ်ကွက်တွင် နေထိုင်သူ ဦး-----သေဆုံးသွားသည်။

အဆိုပါ မိုးကြိုးဘေး ဖြစ်ပွားမှုကြောင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်း ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးတို့က မိုးကြိုးဘေးအန္တရာယ်ကြောင့် သေဆုံးသူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် သုံးသိန်းအား ယမန်နေ့က ကျန်ရစ်သူများ မိသားစုထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင်(မိသနီးမြေ)**

မြို့တွင်း တစ်နာရီ မိုင်(၃၀)၊

(၄၈)ကီလိုမီတာထက် ပိုမမောင်းရ။

# ဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ဧကပြည့်မီရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ



**မြစ်သား စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဓာတ်မြေဩဇာ စုပေါင်းရောင်းချပွဲနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ဧကပြည့်မီရေး နည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မြို့မနည်းပညာပေးစင်တာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းနိုင်က နိုင်ငံတော်မှ ယူရီးယား ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်းဖြင့် တစ်ဧက သီးနှံအထွက်နှုန်းတိုးတက်လာစေရန်၊ ပန်းတိုင်အထွက်နှုန်းရရှိစေရန်၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံ့စီးပွားရန်ပုံငွေများ ထုထောင်နိုင်ရန်နှင့် တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဓာတ်မြေဩဇာများ ရောင်းချပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ၁၅ အုပ်စုအတွက် တစ်အုပ်စုလျှင် ဓာတ်မြေဩဇာ ၁၀ အိတ်နှုန်းဖြင့် စုစုပေါင်း အိတ် ၁၅၀ ကို မိုးသီးနှံစိုက်တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ဓာတ်မြေဩဇာသယ်ယူဖြန့်ဖြူးရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ မိုးသီးနှံစိုက် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

# "လူငယ်နည်းပညာနှင့် ကျန်းမာကြံ့ခိုင်မှု" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်မဲ စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၌ ကျောင်းသား၊ ကျောင်းသူများ နည်းပညာနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော "လူငယ်နည်းပညာနှင့် ကျန်းမာကြံ့ခိုင်မှု"ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းထားထားလှိုင်က စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Grade-11 ကျောင်းသား မောင်ကောင်းခန့်သူ၊Grade-10 ကျောင်းသူ မမေစံပယ်ဖူး၊ Grade-8 ကျောင်းသူ မဇူးမြတ်ရတီနှင့် Grade-9 ကျောင်းသား မောင်ဖြိုးသီဟဇော်တို့က ဖုန်း၊ ကွန်ပျူတာ အသုံးများခြင်း၏ ကျန်းမာရေးဆိုးကျိုးများ၊ အချိန်ခွဲဝေအသုံးပြုနည်း၊ အားကစားနှင့် မူးယစ်ဆေးဝါးကာကွယ်ရေးနှင့် ကိုယ်လက်လှုပ်ရှားမှု၏ အရေးပါပုံ ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြသည်။



ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြပြီး ဌာနတာဝန်ရှိသူများ၏ ပြန်လည်မေးမြန်းမှုကို မှန်ကန်စွာ ဖြေကြားနိုင်သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဦးဆောင်ဆွေးနွေးသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငွေယုက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းနှင့် အခမ်းအနားသို့ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦး တက်ရောက်ကာ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀



# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျောက်ဆည် စက်တင်ဘာ ၂၀**

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမြင့်နိုင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း မြက်ပင်၊ ချုံနွယ်ပင်များအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို တပ်ဖွဲ့ဝင် အရာရှိ ၂၇ ဦး၊ အခြားအဆင့် ၄၀ ဦး၊ စာရေးဝန်ထမ်း ခုနစ်ဦး၊ ပေါင်း ၇၄ ဦးနှင့် အမှတ်(၉၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ အရာရှိ နှစ်ဦး၊ အခြားအဆင့် လေးဦး အမှတ်(၁၀) သတင်းတပ်ဖွဲ့ခွဲ၊(ကျောက်ဆည်)မှ အရာရှိတစ်ဦး၊ အခြားအဆင့် လေးဦး၊ စုစုပေါင်းအင်အား ၈၅ ဦးတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၈၅)

## ရေချိုးတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့် ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။



# ပြင်ဦးလွင်မြို့နယ်၌ ခရိုင်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီအစည်းအဝေး ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် ခရိုင်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြင်ဦးလွင်ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းက သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် ခရိုင်ကော်မတီဝင်များက အသီးသီး ဆွေးနွေးတင်ပြခဲ့သည်။ တင်ပြချက်များအပေါ် အစည်းအဝေးဆုံးဖြတ်ချက်များအား ဖတ်ကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

သွေးသွေး(ခရိုင်/ပြန်ဆက်)

# ဆူးတပ်ကြီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မြို့သစ် စက်တင်ဘာ ၂၀**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဆူးတပ်ကြီးကျေးရွာအုပ်စု၊ ဆူးတပ်ကြီးကျေးရွာ၊ ကမ္ဘာအေးဆုတောင်းပြည့် မိုးကောင်းစေတီတော် ဓမ္မာရုံ၌ ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးစိုးဝင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟနေသွေးတို့က အမှာစကားအသီးသီးပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဖွန့်က ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

ဆက်လက်၍ စကားဝိုင်း ဆွေးနွေးပွဲကိုကျင်းပရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့မှ ဌာနဆိုင်ရာတာဝန်ခံအရာရှိများက မိမိတို့ဌာနအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ တစ်ဦးချင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက မိမိတို့ဒေသအတွင်း ကျေးရွာတွင်းလမ်းများနှင့် ရွာချင်းဆက်လမ်းများ ခင်းပေးနိုင်ရေး၊ ဆည်ရေသောက်တူးမြောင်းများ၊ ပညာရေးကဏ္ဍတွင် ဆရာ၊ ဆရာမလိုအပ်ချက်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

ဝင်းအိဖွန့်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
# ရတနာပုံတက္ကသိုလ် (နေ့သင်တန်းနှင့် အဝေးသင်-သင်တန်းများ)
# (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ရတနာပုံတက္ကသိုလ် နေ့သင်တန်းမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်(၂၀၂၀)အောင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မဟာဥပဒေဘွဲ့၊ ဒီပလိုမာဘွဲ့နှင့် ရတနာပုံတက္ကသိုလ်အဝေးသင်-သင်တန်းမှ ၂၀၂၅ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့်ကျောင်းသား/ကျောင်းသူများသည် ရတနာပုံတက္ကသိုလ်၏ (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

**ဘွဲ့နှင်းသဘင်ကြေး**

တက်ရောက်ကြေးဘွဲ့ - ၁၅၀၀၀ိ/- (ကျပ် တစ်သောင်းငါးထောင်တိတိ)
အဝေးရောက်ဘွဲ့ကြေး - ၁၀၀၀၀ိ/- (ကျပ် တစ်သောင်းတိတိ)
လျှောက်လွှာတင်သွင်းရမည့်ရက် - (၂၂-၉-၂၀၂၆)ရက်နေ့မှ (၁၅-၁၀-၂၀၂၆)ရက်နေ့ထိ

**မှတ်ချက်**

၁။ သတ်မှတ်လျှောက်လွှာပုံစံကို ပြည့်စုံစွာ ဖြည့်စွက်ပြီး လျှောက်ထားရမည်။
၂။ လွန်ခဲ့သည့် (၃)လအတွင်း ရိုက်ကူးထားသော ($1\frac{1}{2}$×၂)လက်မ ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)နှစ်သက်ရာဝတ်စုံများကို အပြည့်အစုံ စနစ်တကျဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရမည်။
၃။ သတ်မှတ်ဘွဲ့နှင်းကြေးများကို ရတနာပုံတက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရပါမည်။
၄။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်စသည်များကိုလည်း တိကျစွာ ဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။
၅။ အခမ်းလှေကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံဖြစ်စေ၊ တိုင်းရင်းသားဝတ်စုံဖြစ်စေ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)ဖြစ်စေ အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။
၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန် ဘွဲ့နှင်းသဘင်ကျင်းပပြီး (၆)လ ပြည့်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်သည်။
၈။ အသေးစိတ်အချက်အလက်များကို ရတနာပုံတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ရတနာပုံတက္ကသိုလ်**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ(၆၀× ၄၀)ပေ အကျယ်အဝန်းရှိ ဦးလှအမည်ဖြင့် ချထားပေးသောမြေကွက်အတွင်းမှ အရှေ့လားသော်-ဦးဇော်ဝင်းအောင် မြေအစပ်၊ အနောက်လားသော်-ဦးလှ ကျန်မြေအစပ်၊ တောင်လားသော်-ဦးပိုင်(၃၈) ဒေါ်သန်းနွယ်မြေအစပ်၊ မြောက်လားသော်-လမ်းစသည့် အလားလေးရပ်အတွင်းရှိ ဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးလှ၏ သမီး ဒေါ်အမာတင်(၉/ပသက(နိုင်)၀၄၆၁၆၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးမော် (LL.B)** — **ဒေါ်စင်စင်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**၆၃လမ်း၊ ၂၅လမ်းနှင့် ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၉၉၇၄၊ ၀၉-၄၀၁၅၁၇၇၇၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပုသိမ်ကြီးမြို့၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ကွင်းအမှတ်(၄၉၈/က)၊ ကျီကုန်းကွင်း၊ သုခမင်္ဂလာ(၄)၊ ဦးပိုင်အမှတ်(၂၁၃)၊ မြေဧရိယာ(၀ ဒသမ ၀၂၇)ဧက အကျယ်အဝန်းရှိမြေကွက်သည် ဒေါ်မို့မို့လေးဝေအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းဂရန်မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်မြတ်ဖူးသူ(ဘ)ဦးဝင်းနိုင်(၅/မလန(နိုင်)၁၃၈၁၅၉)ကိုင်ဆောင်သူက အဆိုပါမြေကွက်သည် မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ၎င်းမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သက်ထားဆွေ(၉/မရတ(နိုင်)၁၁၂၈၀၇)ကိုင်ဆောင်သူမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်စောမွန်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**မမ-၂၈၊ တိုက်-၃၈၊ အခန်း(၄)၊ မြရည်နန္ဒာအိမ်ရာ၊ ၄၅လမ်းနှင့် ၄၆လမ်းကြား၊ ၁၁၈(D)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၈၄၁၄၈၄၇၊ ၀၉-၉၇၉၅၅၀၀၆၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၇၆လမ်း၊ အကွက်အမှတ်(၆၁၇)တွင်တည်ရှိသော ဦးပိုင်အမှတ်(၈၀)၊ ဧရိယာ(၀ ဒသမ ၀၃၈၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ နံကပ်နှစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်အေးအေးသိန်း(၉/မရမ(နိုင်)၀၃၅၄၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးလှမိုး(ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၈)တွင်တည်ရှိသော ဦးပိုင်အမှတ်(၃၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၄၈)ဧက အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်၊ မြေပေါ်ရှိ နံကပ်နှစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်မြေအောက် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကံညွှန့်(၁၄/ပသရ(နိုင်)၀၈၅၅၅၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးလှမိုး(ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

အထက်ပါ အကြောင်းအရာကိစ္စနှင့်ပတ်သက်၍ အများသိရှိစေခြင်းအကျိုးငှာ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မ၏မိတ်ဆွေ ဒေါ်မေစီမြင့်မှ အောက်ပါအတိုင်း ညွှန်ကြား၍ အများသိစေအပ်သည်မှာ ကျွန်ုပ်မ၏မိတ်ဆွေ ဒေါ်မေစီမြင့်သည် ကောင်းမွန်သောဂုဏ်သတင်းများနှင့် လူမှုစီးပွားအသိုင်းအဝိုင်းများတွင် တည်ငြိမ်စွာ ကောင်းမွန်သောဂုဏ်သတင်းများဖြင့် နေထိုင်သူဖြစ်ပါသည်။ ကျွန်ုပ်မ၏မိတ်ဆွေ ဒေါ်မေစီမြင့်အား မကောင်းသောအကြံအစည်ဖြင့် လူမှုကွန်ရက်များပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသားပြောဆိုနေမှုများအား တွေ့ရှိလာပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မ၏မိတ်ဆွေ ဒေါ်မေစီမြင့်၏ ကောင်းသောနာမည်ဂုဏ်သတင်းများနှင့် လူမှုစီးပွားရေးတွင် လွန်စွာနစ်နာမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဤကဲ့သို့သော အလားတူဖြစ်စဉ်များအား ကျူးလွန်မှုထပ်မံ၍ (လုံးဝ)မပြုလုပ်ကြပါရန်နှင့် ထပ်မံပြုမူ အသရေဖျက်ဆီးမှုများအား လုံးဝလက်ခံမည်မဟုတ်ပါကြောင်းနှင့် ပြုလုပ်လာပါက ကျွန်ုပ်မ၏မိတ်ဆွေ၏ ထိခိုက်လာသော ကိစ္စအဝဝအတွက် တရားဥပဒေကြောင်းအရ သက်ဆိုင်ရာပြစ်မှုများဖြင့် တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်းနှင့် နစ်နာသွားသော နစ်နာမှုများအား ထိုက်တန်သော နစ်နာကြေးများအားလည်း သက်ဆိုင်ရာ တရားရုံးများမှတစ်ဆင့် တောင်းခံတရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** — **လွှဲအပ်ညွှန်ကြားသူ-**

**ဒေါ်ဖြူပြာသောင်းစိန်(LL.B)** — **ဒေါ်မေစီမြင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၅၂)**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၅၀၆၆၂၂၀**

## အကွက်အမှတ်(အပိုင်း-၂)၊ ဦးပိုင်အမှတ်(၁၆)မြေကွက်ထဲမှ အလယ်ခြမ်းပေ(၃၀×၄၀) အကျယ်အဝန်းရှိမြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၂)၊ ဦးပိုင်အမှတ်(၁၆)၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိမြေကွက်မှာ ဦးအောင်ကိုကိုအမည်ဖြင့် ရရှိထားသော စလစ်မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ အလယ်ခြမ်းပေ(၃၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သည့် ဦးမြင့်ဆွေ(ဘ)ဦးသန်းမောင်(၉/ပသက(နိုင်)၀၆၂၂၁၂)ကိုင်ဆောင်သူထံမှ ကျွန်မ ဒေါ်ဖြူဖွေးသန့်စင်(ဘ)ဦးတင်ငွေး(၉/ခမစ(နိုင်)၀၁၁၄၂၅)ကိုင်ဆောင်သူမှ အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ-**
**ဒေါ်ဖြူဖွေးသန့်စင် (၉/ခမစ(နိုင်)၀၁၁၄၂၅)**
**၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၀၀၄၉၉**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလာတက္ကသိုလ်
## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် BTHM သင်တန်းအတွက် ပထမနှစ် သင်တန်းသားလျှောက်လွှာ ခေါ်ယူခြင်း

၁။ မန္တလာတက္ကသိုလ်တွင် အောက်ဖော်ပြပါ ဘွဲ့သင်တန်းအား ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့် ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | Bachelor of Tourism and Hospitality Management | BTHM | (၄)နှစ် | (၂၅၀)ဦး | အချိန်ပြည့် |

၂။ အဆိုပါ ဘွဲ့သင်တန်းအတွက် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး သတ်မှတ်လျှောက်လွှာပုံစံအား မန္တလာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ထုတ်ယူ၍ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၃။ | သင်တန်းစတင်ဖွင့်လှစ်မည့်ရက် | - | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ |
| ၄။ | လျှောက်လွှာတင်သွင်းရမည့်နေရာ | - | ကျောင်းသားရေးရာဌာန၊ မန္တလာတက္ကသိုလ်။ |
| ၅။ | လျှောက်လွှာစတင်ထုတ်ပေးမည့်ရက် | - | ၂၅-၈-၂၀၂၆ |
| ၆။ | လျှောက်လွှာစတင်တင်သွင်းရမည့်ရက် | - | ၂၅-၈-၂၀၂၆ |
| ၇။ | လျှောက်လွှာပိတ်ရက် | - | ၃၀-၉-၂၀၂၆ |
| ၈။ | ဝင်ခွင့်ရရှိသူများစာရင်း ကြေညာမည့်ရက် | - | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ |

၉။ အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်။
(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူသာ ဖြစ်ရမည်။
(ဂ) အခြားတက္ကသိုလ်တစ်ခုခုတွင် တက်ရောက်ပညာသင်ကြားနေသူ မဖြစ်ရ။

၁၀။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည်-
(၁) သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံချက်နှင့် အမှတ်စာရင်းမူရင်း၊
(၂) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(၃) လိုင်စင်ဓာတ်ပုံ(၃)ပုံ (ပူးတွဲ)

၁၁။ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်တွင် အမှတ်များသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး ဝင်ခွင့်ရရှိသူများစာရင်းနှင့် ကျောင်းဝင်မှတ်ပုံတင်ရမည့်ရက်ကို မန္တလာတက္ကသိုလ်၌ ကြေညာထားပါမည်။ ဝင်ခွင့်ရရှိသူများသည် ကျောင်းလာရောက်အပ်နှံသည့်အခါ ကျောင်းသားနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းများကို မပျက်မကွက် (မပျက်မကွက်) ယူဆောင်လာရမည်။

၁၂။ အသေးစိတ်သိရှိလိုပါက မန္တလာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်းနံပါတ် ၀၉-၉၈၄၇၇၆၆၇၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မှိုမှိုနွယ်**
**ဓမာ်ကွန်းထိန်း၊ ကျောင်းသားရေးရာဌာန၊ မန္တလာတက္ကသိုလ်**

---

## အထူးကိုယ်စားလှယ်စာအား ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၅-လမ်း၊ ၃၁-လမ်းထောင့်နေ ဒေါ်သဇင်ဖူး(ဘ)ဦးအိုက်မောင်(၉/ ခအဇ(နိုင်)၀၃၇၅၄၁) ကိုင်ဆောင်သူ၏ မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၆-၁၂-၂၀၂၂) ရက်၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၃၆၇/၂၀၂၂)ဖြင့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၆ (အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားနေ ဒေါ်ဆန်းရင်(ဘ)ဦးအောင်ရွှေ(၁/မညန(နိုင်)၀၀၃၄၀၀) ကိုင်ဆောင်သူသို့ ကိုယ်စားလှယ်လွှဲအပ်ထားပါသည်။ ဒေါ်ဆန်းရင်သို့ လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၃၆၇/၂၀၂၂)အား ဆက်လက်ထားရှိရန် မလိုအပ်တော့ပါသဖြင့် ပြန်လည်ပယ်ဖျက်မည်ဖြစ်ကြောင်း အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဇင်ဖူး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးဇော်ဦး (LL.B, D.B.L) ဒေါ်မေဇင်စုမွန် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(ဗ-၆/ ၁၃၅)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၇၀၄၃၂၉၊ ၀၉-၄၄၂၀၀၃၉၂၄**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဓီးချိုကုန်းကျေးရွာရှိ၊ အရှေ့လားသော် ဦးစည်သူ၏ အိမ်နှင့် မြေအစပ်၊ အနောက်လားသော် ဒေါ်ရွှေမြိုင်၏ အိမ်နှင့်မြေအစပ်နှင့် တောင်လားသော် လမ်း၊ မြောက်လားသော် (၃)ပေချောင်းနှင့် ဦးသောင်းထိုက်၏ အိမ်နှင့်မြေအစပ် စသည့်အလားလေးရပ် အတွင်းရှိ အရှေ့အနောက်(တောင်ဘက်) (၃၈ ပေ ၆ လက်မ)၊ အရှေ့အနောက်(မြောက်ဘက်) (၄၆ ပေ ၆ လက်မ)၊ တောင်မြောက်(အရှေ့ဘက်) (၈၆ ပေ ၇ လက်မ)၊ တောင်မြောက်(အနောက်ဘက်) (၇၁ ပေ ၆ လက်မ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ် + ထရံကာသွပ်မိုး (၂)ထပ် အဆောက်အဦး၊ အဝီစိတွင်းရေအပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဦးသန်းဝေ (ခေါ်)ဦးဆန်းဝေ(ဘ)ဦးအိမ်(၉/ပသက(နိုင်)၀၄၀၅၆၈) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**
**ဒေါ်မြတ်စုမွန်(ခ)မဖြူ (LL.B, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၇၇၉၈၃၅၇၊ ၀၉-၂၅၉၀၉၀၄၃၀**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၆)၊ ဦးပိုင်နံပါတ်(၇၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့်(ဘ)ဦးတင်မောင်လွင်(၁/မကတ(နိုင်)၀၇၁၄၅၃) [၎င်း၏ကိုယ်စား မိခင်ဖြစ်သူ ဒေါ်ခင်ရွှေ(ဘ)ဦးဘဝင်း(၁/မကတ(နိုင်)၀၂၆၅၃၆)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာစန့် (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၇)၊ ဦးပိုင်နံပါတ်(၂၀-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးသန်းဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဝင်း(ဘ)ဦးသာအောင်(၉/မရမ(နိုင်)၀၅၆၂၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာစန့် (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

---

## မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၄)၊ ဦးပိုင်အမှတ်(၁၇-ည)၊ ဧရိယာ(၀ ဒသမ ၀၂၂၄)ဧက၊ မြေပြင်ဧရိယာ (၂၇ ပေ × ၄၂ ပေ) အကျယ်အဝန်းရှိသော ဦးတင်ဟန် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်ပျဉ်ထောင်(၂)ထပ် အဆောက်အဦ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဒေါ်ကေသီမျိုး(ဘ)ဦးမြသိန်း(၉/မနတ(နိုင်)၁၀၂၁၄၆)၊ (၂) ဦးဟန်သာဟိဏ်း(ဘ)ဦးကျော်စိုးဝင်း(၉/ခအဇ(နိုင်)၀၅၈၈၁၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

---

## မန္တလေးမြို့၊ ပဟာအောင်မြေမြို့နယ်၊ ပဟာမြိုင်(၁)ရပ်ကွက်၊ ၆၅လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ အကွက်အမှတ်(ဒ-၇)၊ ဦးပိုင်အမှတ်(၃၅+၃၆+၃၇+၃၈+၄၇) မြေကွက်များပေါ်ရှိ ကားပါကင်ပါ၊ တတ်လှေကား(၃)ခင်းပါ မြေအောက်ထပ် + အာရ်စီ(၁၂) ထပ် တိုက်တာဝါအဆောက်အဦး၏ (၃-လွှာ)၊ အခန်းအမှတ်(A-3)၊ ဧရိယာ(၂၅ ပေ × ၅၈ ပေ)ခန့် အကျယ်အဝန်းရှိသော တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ (ရေမီးအပြည့်အစုံအပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံးတို့နှင့်တကွ တိုက်ခန်း၏ ဥပစာတစ်ရပ်လုံးနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးထွန်းမောင်(ဘ)ဦးဖေရှင်(၉/မရမ(နိုင်)၀၄၂၄၀၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ | ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ | ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

ယနေ့ဖတ်စရာအညွှန်း


၂၀၂၆ ခုနှစ် အာရှအားကစားပြိုင်ပွဲ(Asian Games)ဂျပန်နိုင်ငံ နာဂိုယာမြို့၌ စတင်ဖွင့်လှစ်
စာမျက်နှာ ၈

ဘွန်ဒက်လီဂါသမိုင်းတစ်လျှောက် သွင်းဂိုး ၁၀၀ အမြန်ဆုံး ပြည့်မြောက်သည့်ကစားသမားအဖြစ် ဟယ်ရီကိန်း မှတ်တမ်းဝင်
စာမျက်နှာ ၁၁

လျှပ်စစ်ကားများအကြောင်း တစေ့တစောင်း(၁) (ဆောင်းပါး)
စာမျက်နှာ ၁၄


# ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ကျင်းပသည့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့မှထွက်ခွာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နေပြည်တော်ကောင်စီဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ သို့ ❐



ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နေပြည်တော်ကောင်စီဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

# အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲမှ တက်ဂ်ဘောအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ခင်နှင်းဝေက မြန်မာနိုင်ငံအတွက် ပထမဦးဆုံးရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ပြီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲက ဒုတိယငွေတံဆိပ်ဆုနှင့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် စောဇရိုင်းဒေးက တတိယကြေးတံဆိပ်ဆုတို့ကို ထပ်မံဆွတ်ခူး




နေပြည်တော် စက်တင်ဘာ ၂၀

ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့(Nagoya City Higashi Sports Center)တွင် စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် တက်ဂ်ဘောအသင်းမှ အားကစားသမားလေးဦးတို့သည် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊

စာမျက်နှာ ၅ သို့ ○




# ပန်တိုဂျာကို အမှတ်ဖြင့် အနိုင်ယူပြီး UFC ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဂျိုရှုအာဗန် ကာကွယ်

ရန်ကုန် စက်တင်ဘာ ၂၀

UFC 331 ပြိုင်ပွဲကို မြန်မာစံတော်ချိန် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံ၌ကျင်းပရာ မြန်မာဖိုက်တာ ဂျိုရှုအာဗန်က စိန်ခေါ်သူ ဘရာဇီးနိုင်ငံသား ပန်တိုဂျာကို အနိုင်ယူပြီး ချန်ပီယံခါးပတ် ကာကွယ်နိုင်ခဲ့သည်။

ဂျိုရှုအာဗန်သည် ပန်တိုဂျာနှင့် ပထမအကြိမ်တွေ့ဆုံသည့် ချန်ပီယံစိန်ခေါ်ပွဲတွင် ပထမအချီအစမှာပင် ပန်တိုဂျာ လက်ဒဏ်ရာရပြီး ချန်ပီယံအပြောင်းအလဲဖြစ်ခဲ့သဖြင့် ချန်ပီယံဟောင်း ပန်တိုဂျာက မကျေပွဲ ပြန်လည်စိန်ခေါ်ခြင်းဖြစ်ကာ ဂျိုရှုအာဗန်က ထိုက်ထိုက်တန်တန် အနိုင်ယူပြီး ကမ္ဘာ့ချန်ပီယံဆုနှင့် ထိုက်တန်ကြောင်း ထပ်မံသက်သေပြနိုင်ခဲ့သည်။ ဂျိုရှုအာဗန်သည် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် UFC ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာပြီးနောက် ယခုနှစ်အတွင်း ချန်ပီယံကာကွယ်ပွဲ နှစ်ပွဲထိုးသတ်ထားရာ နှစ်ပွဲစလုံး အနိုင်ရရှိထားသည်။

ပန်တိုဂျာသည် ကမ္ဘာ့ချန်ပီယံခါးပတ် ပြန်လည်ရယူနိုင်ရေး သေချာပြင်ဆင်ထားသဖြင့် ဂျိုရှုအာဗန်အနေဖြင့် ခက်ခက်ခဲခဲယှဉ်ပြိုင်ခဲ့ရသည်။ ပထမအချီအစမှာပင် ပန်တိုဂျာက ၎င်းအားသာသည့် ချုပ်ကွက်ဖြင့် ပွဲသိမ်းနိုင်ရန် ကြိုးပမ်းခဲ့ပြီး

စာမျက်နှာ ၅ သို့ ✪

## မန်စီးတီးအသင်းက ဆန်းဒါးလန်းအသင်းကို ငါးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၂၀**

ပရီးမီးယားလိဂ်ပွဲစဉ်(၅) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီခွဲက မန်စီးတီးအသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက ဆန်းဒါးလန်းအသင်းကို ငါးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် ၉မိနစ်တွင် အန်ဒိုဖာနန်ဒက်ဇ်၊ ပွဲချိန် ၂၉မိနစ်တွင် ချာကီ၊ ပွဲချိန် ၄၃မိနစ်နှင့် ၅၇မိနစ်တွင် ဆီမီညို၊ ပွဲချိန် ၈၁မိနစ်တွင် ဟာလန်းတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

(NGB)

